မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၅၁)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပုသိမ်-ချောင်းသာလမ်းပေါ်ရှိ (၂၅၈)စင်းမြောက် ကျောက်ချောင်းကြီးတံတားဖွင့်

ရန်ကုန်မြို့မှ ချောင်းသာအထိ အချိန်တိုအတွင်း အလွယ်တကူသွားလာနိုင်ပြီ

ပုသိမ်မြို့နယ် ပုသိမ်-ချောင်းသာလမ်းပေါ်ရှိ ကျောက်ချောင်းကြီးတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၁)က တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ပုသိမ်-ချောင်းသာလမ်းပေါ်ရှိ အရှည်ပေ ၃၆၀ (၂၅၈)စင်းမြောက် ကျောက်ချောင်းကြီး တံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မောင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့၊ မင်္ဂလာစည်တော်အကအဖွဲ့၊ *စာမျက်နှာ ၃ ကော်လံ ၁* ❍

တောင်သူများစွမ်းပကားဖြင့် စိုက်ပျိုးသီးနှံများ ဝေဆာလှိုင် တပ်ကုန်းမြို့နယ်က ဆင်သေရွာနှင့်ကျားသေအိုင်

သတင်းမြင်ကွင်း
ကျော်သူဝင်း(မြန်မာ့အလင်း)

ဓာတ်ပုံမှတ်တမ်း
တင်စိုး(မြန်မာ့အလင်း)

နေပြည်တော် ဖေဖော်ဝါရီ ၂၇

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် စိုက်ပျိုးသီးနှံများ လှိုင်လှိုင်ထွက်နေသည်ဟု သတင်းကြားမိသဖြင့် မြန်မာ့အလင်းသတင်းအဖွဲ့သည် စိုက်ပျိုးရေးဗဟုသုတလည်းရ၊ သတင်းဆောင်းပါးလည်း ရေးသားနိုင်ရန်အတွက် ကွင်းဆင်းလေ့လာခဲ့သည်။

စိုက်ပျိုးရေးအောင်မြင်

နေရာကား ရန်ကုန်-မန္တလေးကားလမ်းဘေး၊ ကျေးရွာအမည်က ကျားသေအိုင်ကျေးရွာ၊ ထိုကျေးရွာလေးသည် အိမ်ခြေ ၄၅၀ခန့် ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိက အသက်မွေးဝမ်းကျောင်းပြုသည့်ရွာလေး။ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်နေသောကြောင့် ရွာထဲတွင် ဆိုင်ကယ်များက တဝီဝီသွားလာလျက်။ အိမ်တိုင်းနီးနီး ဆိုင်ကယ်ရှိသည်ကို တွေ့ရသည်။ သီးနှံများ သယ်ယူမည့် ကားကြီး၊ ကားငယ်များကိုလည်း ရွာအတွင်း တွေ့ရသည်။*စာမျက်နှာ ၇ ကော်လံ ၁* ❖

ဆင်သေချောင်းအနီး စိုက်ပျိုးထားသော မုန်လာဥ စိုက်ခင်းကို ဤသို့ အားရစရာ တစ်မျှော်တစ်ခေါ် တွေ့ရသည်။ (သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်)

အားကစားအဆင့်အတန်း မြင့်မားရေး ကြိုးပမ်းအားထုတ်

ယနေ့လူငယ်များသည် အနာဂတ်၏မျိုးဆက်သစ်များဖြစ်သည်။ နိုင်ငံတော်၏ အနာဂတ်ခရီးအတွက် မျိုးဆက်သစ်လေးများသည် ကျန်းမာကြံ့ခိုင်ရန် လိုအပ်သည်။ ကျန်းမာကြံ့ခိုင်သော မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းရေးအတွက် မြန်မာ့အားကစားအဆင့်အတန်းမြင့်မားရန် ကြိုးပမ်းကြရမည်ဖြစ်သည်။

ဉာဏ်ရည်မြင့်မားသော လူငယ်လူရွယ်များ အားကစားလောကတွင် ပါဝင်ယှဉ်ပြိုင်လာခြင်းဖြင့် အားကစားကဏ္ဍ ပိုမိုတိုးတက်အောင်မြင်လာပြီး ကျန်းမာကြံ့ခိုင်သူများ ပိုမိုပေါ်ထွက်လာက နိုင်ငံအကျိုး ပိုမိုသယ်ပိုးထမ်းဆောင်နိုင်မည် ဖြစ်သည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့သည့် ၂၀၁၁ ခုနှစ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး ပထမအကြိမ် အာရှပတ်လည်မြားပစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံက မြားပစ်အဖွဲ့သည် နိုင်ငံအလိုက် ပထမနေရာရရှိပြီး နိုင်ငံကို ဂုဏ်ဆောင်နိုင်ခဲ့သည်။ ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်လေးခုကို ဆွတ်ခူးနိုင်ခဲ့သည်။

မြန်မာမြားပစ်အားကစားသမားများသည် ကမ္ဘာ့မြားပစ်ထိပ်သီးနိုင်ငံများကို ဖြတ်ကျော်ကာ ဆုတံဆိပ် ၁၀ ခု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲသည် အာရှပတ်လည်ပြိုင်ပွဲဖြစ်သော်လည်း ကမ္ဘာ့ထိပ်သီး မြားပစ်နိုင်ငံများဖြစ်သည့် ပြင်သစ်၊ ရုရှား၊ အမေရိကန်အသင်းများ ပါဝင်ကြ၍ ကမ္ဘာ့အဆင့်ပြိုင်ပွဲပင် ဖြစ်သည်။

နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ဖြစ်လာရန်အတွက် နိုင်ငံတော်မှ လူငယ်များကို စနစ်တကျ လေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ လူငယ်လူရွယ်များသည် အားကစားစိတ်ဓာတ်ထားရှိပြီး ထူးချွန် ထက်မြက်သော လူငယ်အားကစားသမားများဖြစ်ရန် ကြိုးစားကြရမည်ဖြစ်သည်။

နိုင်ငံတော်က ထူးချွန်သော လူငယ်လူရွယ်အားကစားသမားများကို အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တို့၌ ပြုစုပျိုးထောင် မွေးထုတ်ပေးလျက်ရှိသည်။

အားကစားမြှင့်တင်တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ရာ အားကစားအဆင့်အတန်းမြင့်မားပြီး နိုင်ငံတော်အတွက် အားထားရမည့် အားကစားသမားကောင်းများ ပေါ်ထွန်းလာရေး ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အခြေခံသင်တန်းဆင်းပွဲ

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ ဝန်ကြီးရုံး သင်တန်းခန်းမ၌ ကျင်းပသော အဆင့်မြင့်အရာရှိကြီးများ လုပ်ငန်းမွမ်းမံ သင်တန်း အမှတ်စဉ်(၃/၂၀၁၁)နှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အငယ်တန်းအင်ဂျင်နီယာ(၂)လုပ်ငန်း အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၁၁) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

ယင်းနောက် လျှပ်စစ်စွမ်းအား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်က အဆင့်မြင့်အရာရှိကြီးများ လုပ်ငန်းမွမ်းမံ သင်တန်းဆင်း လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်က အငယ်တန်းအင်ဂျင်နီယာ(၂)လုပ်ငန်း အခြေခံ သင်တန်းအမှတ်စဉ် (၁/၂၀၁၁) သင်တန်းထူးချွန်ဆုများ ပေးအပ် ချီးမြှင့်ပြီး သင်တန်းဆင်းပွဲအခမ်း အနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုဒုံမြို့နယ်၌ နားကျန်းမာရေးစောင့်ရှောက်မှုကို ဖေဖော်ဝါရီ ၁၂ရက်က ဆောင်ရွက်ရာ နားအထူးကုပါရဂူ ဆရာဝန်ကြီး ဒေါက်တာလှသင်း မုဒုံဘိုးဘွားရိပ်သာရှိ အကြားအာရုံ ချို့ယွင်းနေသော အဘိုးအဘွားများအား စစ်ဆေးပြီး နားကြားကိရိယာများ အခမဲ့တပ်ဆင်ပေးစဉ်။
(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်အဆောက်အအုံ ပန္နက်တင်ပွဲ

ထန်းတပင်မြို့နယ်၌ ကျင်းပ

ထန်းတပင် ဖေဖော်ဝါရီ ၂၇

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် ကင်မွန်းချုံကျေးရွာအုပ်စု မွန်အရွေ့၌ ပါရမီ(၅)စာကြည့်တိုက်အဆောက်အအုံ ပန္နက်တင်ပွဲနှင့် နိုင်ငံတော် မတည်ငွေကျပ် ၁၀သိန်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးဇော်ဝင်းထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးတင်မောင်ဝင်း၊ ရပ်မိရပ်ဖ ဦးဘမော်၊ ဦးဝင်းရွှေ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ပန္နက်တင်ပေးကြသည်။

ဆောက်လုပ်

ဆက်လက်၍ နိုင်ငံတော်မှ ထောက်ပံ့ငွေများကို ဦးစီးမှူး ဦးတင်မောင်ဝင်းက ပေးအပ်ရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က လက်ခံယူပြီး ကျေးရွာအလှူရှင်များက ငွေကျပ် ၁၇၀၀၀၀နှင့် ဗီရိုတစ်လုံးကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ ယင်းစာကြည့်တိုက်မှာ အလျား ၂၄ပေ၊ အနံ ပေ၂၀၊ အမြင့် ၁၂ပေ၊ သွပ်မိုး၊ အုတ်ညှပ်တို့ဖြင့် ဆောက်လုပ်မည်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးကိုသတိ မြဲထားရှိ
စောင့်ကြည့်နေပါ သင့်ဝန်တာ

မြေတိုင်းတာခြင်းလုပ်ငန်းကွင်းဆင်းစစ်ဆေး

မင်းလှ ဖေဖော်ဝါရီ ၂၇

မကွေးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှ မင်းလှမြို့နယ်အတွင်းရှိ ကွင်းပေါင်း၄၀ကို မြေတိုင်းတာ မြေပုံရေးဆွဲပြုစုလျက်ရှိရာ တိုင်းဒေသကြီး ဒုတိယမြေစာရင်းဦးစီးဌာနမှူး ဦးအောင်ဆွေသည် ဖေဖော်ဝါရီ ၂၄ရက်က သရက်ခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးမြင့်ဦး၊ မင်းလှမြို့နယ် မြေစာရင်း ဦးစီးဌာနမှူး ဦးတင်ဦးတို့လိုက်ပါလျက် မင်းလှမြို့နယ် မြောက်မျှားကုန်း ကျေးရွာအုပ်စုရှိ မြေတိုင်းနေသောလုပ်ငန်းခွင်သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

လားရှိုးအထက(၂) မြတ်ဆရာပူဇော်မည်

လားရှိုး ဖေဖော်ဝါရီ ၂၇

လားရှိုးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ အငြိမ်းစားယူသွားကြသော အသက်(၆၀)နှင့်အထက် ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၃ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမကြီးများနှင့်ကျောင်းသားကျောင်းသူများ တက်ရောက်ကြရန်နှင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ဦးအောင်စိုး ဖုန်း-၀၉-၅၂၆၂၆၁၁၊ ဦးသိန်းအောင် (သမာဓိရွှေဆိုင်) ဖုန်း-၀၉-၆၇၀၀၅၅၀၊ ဦးငွေးလွင်(လွင်-အိမ်ဆောက်ပစ္စည်း)ဖုန်း-၀၉-၅၂၆၀၆၉၈၊ ဦးမောင်မောင်တင် ဖုန်း-၀၈၂-၃၀၅၃၉၊ ကိုတင့်ဇော် (ဝမ်းတော်ပြည့်စားသောက်ဆိုင်) ဖုန်း-၀၉-၅၂၆၀၄၀၅၊ ကိုလှကျော် (ရွှေဟင်္သာစက်မှုလုပ်ငန်း) ဖုန်း-၀၉-၅၂၇၆၁၁၈၊ ကိုတင်ကို ဖုန်း-၀၉-၅၂၆၃၁၈၃၊ ဒေါ်တင်တင်ချို ဖုန်း-၀၈၂-၂၅၂၃၄၊ ဒေါ်မိုးမိုးထွန်း ဖုန်း-၀၉-၅၂၆၂၀၅၂၊ ရန်ကုန်မြို့တွင် ဒေါက်တာ အေးအေး ဖုန်း-၀၉-၅၀၀ ၉၈၇၇၊ မန္တလေးမြို့တွင် ဦးဇေယျာ (90 Hour English) ဖုန်း-၀၉-၂၀၃၄၇၃၂ တို့ထံသို့ ဆက်သွယ် လှူဒါန်းနိုင်သည်။ ***(မြန်မာ့အလင်း)***

သန့်ရှင်းလှပရေး

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့အဝင်ဆိုင်းဘုတ် သန့်ရှင်းသာယာလှပရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၈ ရက်က အမှုဆောင်အရာရှိ ဦးဝင်းနိုင်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

❍ *ရှေ့ဖုံးမှ*

ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းက အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဝန်ကြီးဦးခင်မောင်မြင့်က တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသောဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ဝန်ကြီးဦးခင်မောင်မြင့်၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် တာဝန်ရှိသူတို့က ကျောက်ချောင်းကြီးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်မှူးချုပ်တင်မောင်ဝင်းက ကျောက်ချောင်းကြီးတံတား ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုသည်။

ကျောက်ချောင်းကြီးတံတား အမျိုးအစားမှာ အပေါ်ထည်သံကူကွန်ကရစ်နှင့် အောက်ထည်ကို သံကူကွန်ကရစ်လွန်တူးပိုင် အုတ်မြစ်တို့ဖြင့် တည်ဆောက်ထားပြီး စုစုပေါင်းတံတားအရှည်ပေ ၃၆၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွား၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း ကျောက်ချောင်းကြီးတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

(၂၅၈) စင်းမြောက်

ယခုဖွင့်လှစ်သည့် ကျောက်ချောင်းကြီးတံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀နှင့် အထက်တံတား (၂၅၈)စင်းမြောက် ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး အနေဖြင့် (၅၄)စင်းမြောက် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် တံတားဖြစ်သည်။

ယခု ကျောက်ချောင်းကြီးတံတားကို ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ရန်ကုန်မြို့မှ ချောင်းသာအထိ အချိန်တိုအတွင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်ပြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်ရှိ နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်ရုံသုံးပစ္စည်းများကို ယခုဖွင့်လှစ်သည့် ကျောက်ချောင်းကြီးတံတားကြီးပေါ်မှ ဖြတ်သန်းကာ တိုက်ရိုက်သယ်ယူ ပို့ဆောင်နိုင်တော့မည် ဖြစ်သည်။

လွယ်ကူလျင်မြန်

ထို့အပြင် မြန်မာနိုင်ငံ၏ အထင်ကရ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းတစ်ခုဖြစ်သော ချောင်းသာကမ်းခြေကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြည်သူများ အလွယ်တကူ အပန်းဖြေ သွားလာနိုင်တော့မည်ဖြစ်ကာ ကွန်ရက်သဖွယ် ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆင့် ဒေသထွက်ကုန်များကိုလည်း လွယ်ကူလျင်မြန်စွာ ပို့ဆောင်ကုန်သွယ်နိုင်တော့မည်ဖြစ်သဖြင့် ဤဒေသရှိ ပြည်သူများအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းနှင့် ဝန်ကြီး ဦးခင်မောင်မြင့်တို့ ကျောက်ချောင်းကြီးတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှု ရွှေကူမြို့၌ ကွင်းဆင်းကြည့်ရှုစစ်ဆေး

ရွှေကူ ဖေဖော်ဝါရီ ၂၇

ရွှေကူမြို့ မဏိသြဂကျေးရွာ ပညာကမ္ဘာစာကြည့်တိုက် အဆောက်အအုံသစ်ဆောက်လုပ်ပြီးစီးမှုကို ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးကျော်စိုးနိုင်တို့ သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

ပူးပေါင်းဆောင်ရွက်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးညီညီက စာကြည့်တိုက်ဆောက်လုပ်မှုကော်မတီဥက္ကဋ္ဌ ဦးလူလု၊ ကျေးရွာရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောက်လုပ်ရေးနှင့် ကျေးရွာပြည်သူများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ ရန်ပုံငွေရရှိရေးပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးနိုင်က စံ(၅)ရပ်နှင့် ပြည့်စုံအောင်ဆောင်ရွက်ရေး၊ စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၂-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ရေနံချောင်းဆရာတော်ဘဒ္ဒန္တဇနိတ** ဟောကြားတော်မူသောတရားတော်
၆:၄၀	ထူးခြားသောဘူမိအနေအထားနှင့် ဖူးမဝသောကျိုက်ထီးရိုးစေတီ
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၂၈)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၄၅)
၈:၄၀	Myanmar Casual Wear Super Star Singing Contest (Part -3)
၉:၂၅	MRTV -4 ကျန်းမာရေးကဏ္ဍ (သွားတုတပ်ဆင်ခြင်း သိကောင်းစရာ)
၉:၅၅	Activities in the City အလက(၃)တောင်ဥက္ကလာပ၏ အာစရိယပူဇော်ပွဲ Myanmar Big Shops Shopping Centre ဖွင့်ပွဲ
၁၀:၂၅	ယဉ်ကျေးလိမ္မာတတ်သိစေတာ အောင်ပရဟိတမှာ
၁၀:၃၅	The Champion of Dance
၁၁:၀၅	Celebrity Choice (အိမ့်ချစ်)
၁၁:၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၀၀	Activities in the City (Kembangan Group of Clinics မှ ကြီးမှူးကျင်းပသောဟောပြောပွဲ အခမ်းအနား)
၁၂:၂၅	ရန်ကုန်မြင်ကွင်းကျယ် (Online Expo ဆုချီးမြှင့်ပွဲနှင့် Online Shopping Mall မိတ်ဆက်ပွဲ)
၁၂:၄၀	Activities in the City အထက(၁)သန်လျင် ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ
၁:၀၀	**ရေနံချောင်းဆရာတော်ဘဒ္ဒန္တဇနိတ** ဟောကြားတော်မူသော တရားတော်
၂:၀၀	MRTV- 4 သတင်း
၂:၂၀	FMF Selection
၂:၅၅	ထူးချွန်သူများမွေးဖွားပေးရာ SDEC ပါ…
၃:၁၀	ဖက်ရှင်လမ်းညွှန် ဒီဇိုင်နာမေသက်လွင် (Crown Fashion)
၃:၂၀	MRTV- 4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၂၈)
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၄၅)
၄:၅၅	မြို့လုံးကျွတ်ဆင်နွှဲတဲ့ ကျုံပျော်ရဲ့ အာစရိယပူဇော်ပွဲ
၅:၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၅:၄၅	ဗီဒီယိုပြခန်း
၆:၀၀	MRTV-4 သတင်း
၆:၂၀	Sunday Talk (စာရေးဆရာကျော်ဦး၊ မျိုးမြတ်သူ)
၆:၅၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၂၉)
၇:၃၅	Super Star Singing Contest မှ မွေးဖွားလာတဲ့ကြယ်ပွင့်များ
၈:၀၀	MRTV-4 သတင်း
၈:၃၀	စာပန်းအိမ်၏သမိုင်းသစ်
၈:၅၀	စကားနပန်း **(ကဂျီကချောင်ကျတာကောင်းတယ်၊ ကဂျီကချောင်မကျတာ ကောင်းတယ်)**
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၄၆)
၁၀:၁၀	အနုပညာမိုးကောင်းကင်
၁၀:၃၅	လောကကိုအလှဆင်… ပန်းတို့၏ သခင်
၁၀:၅၀	International Show Biz
၁၁:၀၅	အမြင့်ဆန်းတင့် သပ်ရပ်ခံ့ထည် အလှဆင်မယ်
၁၁:၂၀	ဈေးဝယ်လမ်းညွှန် (မြင့်မြတ်သူပိုးထည်ဆိုင်)
၁၁:၃၅	ပန်းချီဆရာကြီးဦးလွန်းကွယ်၏ သူ့ဘဝနဲ့ သူ့လက်ရာ
၁၂:၀၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (မျိုးမင်းစိုးနှင့် တွေ့ဆုံခြင်း)
၁၂:၂၅	မိခင်လောင်းများအတွက်အာဟာရ (ဒေါက်တာလှကြည်)
၁၂:၃၅	Mega Star Talk (ဇော်ဝင်းထွဋ်နှင့်တွေ့ဆုံခြင်း) (အပိုင်း -၃)
၁:၀၅	ACT အေးချမ်းသာ ပရဟိတကျောင်း
၁:၃၅	စွဲမက်ဖွယ်ရာရတနာ ကြည်လင်အေးမြ မြကျောက်လှ (အပိုင်း ၂)
၂:၀၀	နယဉ်ဆန်းထွင်ပန်းအလှဆင် (S ပုံသဏ္ဌာန် ပန်းအိုးထိုးနည်း)
၂:၃၅	ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Face)
၂:၄၅	လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ
၃:၁၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၁၀	မက်မက်မောမောမက်မန်း
၄:၂၀	မြန်မာ့လက်မှုယွန်းအနုပညာ
၄:၄၀	သာသနာ့ပျိုးခင်း
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၂၄	Stoke City-West Bromwich	ESPN (Live)

သာပေါင်း စည်ပင်သာယာ ရေစင် တည်ဆောက်

သာပေါင်း ဖေဖော်ဝါရီ ၂၇

သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သီရိရွှေသာဈေးအတွင်းရှိ ဂါလန် ၈၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်နေမှုကို ဖေဖော်ဝါရီ ၁၀ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးငွေလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းကျော်ခိုင်တို့ ရှင်းလင်းတင်ပြကြကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား

၂၈-၂-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄	၃။	နိုင်ငံတော်သီချင်း
၇:၀၅	၄။	တရားတော်
၇:၂၀	၅။	ဓမ္မပူဇာတေး
၇:၂၅	၆။	မျိုးချစ်တပ်မတော်
၇:၃၀	၇။	မြန်မာ့ရှုခင်း
၇:၃၅	၈။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄	၃။	နိုင်ငံတော်သီချင်း
၄:၀၅	၄။	အဖွင့်သီချင်း
၄:၁၀	၅။	မျိုးချစ်တပ်မတော်
၄:၁၅	၆။	စိုက်ပျိုးသုတ
၄:၃၀	၇။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅	၈။	ဗွီစီဒီကျော်ကြားတေး
၅:၁၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၅:၃၀	၁၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သက်တော်စောင့်** (အပိုင်း-၁၉)
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၂၀	၁၃။	သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျှော်လင့်ခြင်းရောင်ခြည်** (အပိုင်း -၁၄)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	Talk of The Town
	၂၀။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျဉ်းပြိုင်များ** (အပိုင်း -၁၂)
	၂၃။	**Miniseries**

28-2 (03).pmd 1 2/28/2011, 3:36 AM

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

အမေရိကန်ဒစ္စကာဗာရီလွန်းပြန်ယာဉ် နိုင်ငံတကာအာကာသစခန်းနှင့်ချိတ်ဆက်မိ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၇

အမေရိကန်ဒစ္စကာဗာရီအာကာသယာဉ်သည် နှစ်ရက်နီးပါး မောင်းနှင်ပျံသန်းလာပြီးနောက် နိုင်ငံတကာအာကာသစခန်းယာဉ်နှင့် ဖေဖော်ဝါရီ ၂၆ရက်က ချိတ်ဆက်မိသွားပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၇ ရက်တွင် ဆင်ဟွာသတင်းဌာန ဖော်ပြသည်။ ယခုနိုင်ငံတကာအာကာသစခန်းနှင့် ချိတ်ဆက်မိသည့် အာကာသယာဉ်သည် အဆိုပါ စခန်းအတွက် လိုအပ်သော ပစ္စည်းများနှင့် အာကာသသုတေသနလုပ်ငန်းများအတွက် လိုအပ်သော ပစ္စည်းများကို တင်ဆောင် သွားခဲ့ခြင်းဖြစ်ပြီး အဆိုပါ ခရီးစဉ်သည် ဒစ္စကာဗာရီအာကာသယာဉ်၏ နောက်ဆုံးခရီးစဉ်လည်း ဖြစ်ကြောင်း နာဆာမှ သတင်း ထုတ်ပြန်သည်။ (ဓါတ်ပုံ)



ယင်းအာကာသလွန်းပြန်ယာဉ် ဒစ္စကာဗာရီတွင် အာကာသ ပတ်လမ်းအတွင်းရှိ အာကာသဆိုင်ရာ စမ်းသပ်လေ့လာရေးလုပ်ငန်းများအတွက် လိုအပ်သည့် ထောက်ပံ့ရေးပစ္စည်းများလည်း ပါဝင်သွားကြောင်း သိရသည်။ ဒစ္စကာဗာရီအာကာသယာဉ်သည် ဖေဖော်ဝါရီ ၂၆ရက် ဂရင်းနစ်စံတော်ချိန် ၁၉ နာရီ ၁၄ မိနစ်တွင် ဩစတြေးလျ ဝေဟင်အထက်မိုင် ၂၂၀ အမြင့်သို့ ပျံသန်းရောက်ရှိချိန်၌ နိုင်ငံတကာ အာကာသစခန်းယာဉ်နှင့် ချိတ်ဆက်မိခဲ့ခြင်း ဖြစ်သည်။ ယင်းယာဉ်ကို ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲပိုင်းက ဖလော်ရီဒါရှိ အာကာသစခန်းမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂါဇာကမ်းမြောင်မှ မော်တာကျည်ဖြင့် အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ပစ်ခတ်

ဂါဇာစီးတီး ဖေဖော်ဝါရီ ၂၇

ဂါဇာကမ်းမြောင်မှ အစ္စရေးတောင်ပိုင်းသို့ ပစ်ခတ်သည့် မော်တာကျည်တစ်လုံး ဖေဖော်ဝါရီ ၂၆ရက် ညပိုင်းက ကျရောက်ပေါက်ကွဲခဲ့ကြောင်း အစ္စရေးစစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

ဖြည့်စွက်ပြောကြား

အဆိုပါပစ်ခတ်မှုအတွက် သေဆုံးဒဏ်ရာရသူတစ်ဦးမျှ မရှိကြောင်း၊ အစ္စရေးတောင်ပိုင်း နီဟတ်အရပ်သို့ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ထိုအရာရှိကပင် အစ္စရေးရေဒီယိုသို့ ဖြည့်စွက်ပြောကြားခဲ့သည်။

ပစ်မှတ်ထားတိုက်ခိုက်

တိုက်ခိုက်မှု တရားခံ မည်သူမည်ဝါဖြစ်သည်ကို အတည်ပြုနိုင်ခြင်း မရှိသေးပေ။ ယင်းနေ့အစောပိုင်းက အစ္စရေးစစ်ဘက် ဂျက်လေယာဉ်များက ဂါဇာကမ်းမြောင် အလယ်ပိုင်းနှင့် တောင်ပိုင်းတို့သို့ လေးကြိမ်ပစ်ခတ်ခဲ့ပြီး သုံးကြိမ်မှာ အကြမ်းဖက်တိုက်ခိုက်ရေးသမားများ၏ လေ့ကျင့်ရေးစခန်းများသို့ ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။(အပေါ်ပုံ)

ထိမှန်သွား

လေးကြိမ်မြောက် တိုက်ခိုက်မှုမှာ လူမနေထိုင်သည့် အိမ်တစ်လုံးကို ထိမှန်သွားခဲ့ခြင်း ဖြစ်ကြောင်း မျက်မြင် တွေ့ရှိသူများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ပြောကြားသည်။ ၎င်းတိုက်ခိုက်မှုများတွင်လည်း ထိခိုက်သေဆုံးမှု သတင်းများ မရရှိသေးကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ထိုင်းနိုင်ငံရှိ ပီလောပီနံ အလုပ်ရုံတစ်ရုံတွင် ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲ၊ ဒဏ်ရာရသူ ၃၁ ဦးရှိ

ဗန်ကောက် ဖေဖော်ဝါရီ ၂၇

ထိုင်းနိုင်ငံ ချိုင်ရာဖန်ပြည်နယ် အရှေ့မြောက်ပိုင်းရှိ ပီလောပီနံ အလုပ်ရုံတစ်ရုံတွင် ဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အလုပ်သမား ၃၁ ဦး ဒဏ်ရာရခဲ့ကြောင်း ဖေဖော်ဝါရီ ၂၇ ရက်တွင် ဆင်ဟွာသတင်းဌာန ဖော်ပြသည်။

မီးလောင်သည့် အလုပ်ရုံမှာ ပီလောပီနံ အလုပ်ရုံ တစ်ရုံဖြစ်ပြီး ဖေဖော်ဝါရီ ၂၇ရက် ဒေသစံတော်ချိန် ညနေ ၄နာရီခွဲတွင် မီးလောင်ခဲ့ခြင်း ဖြစ်သည်။

ဖြစ်ပွား

မီးလောင်မှု ဖြစ်ပွားခဲ့သည့် စက်ရုံမှာ ချိုင်ရာဖန်ပီလောပီနံ ကော်ရည်နှင့် ကော်မှုန့် ထုတ်လုပ်သည့် စက်ရုံဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၂၅ရက် ညနေ ဒေသစံတော်ချိန် ၄နာရီခွဲခန့်က ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း ထိုင်းနိုင်ငံတွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် သည်နေရှင်း သတင်းစာက ဖော်ပြသည်။

၎င်းဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲမီးလောင်မှုဖြစ်ရခြင်းမှာ စက်ရုံအနီးရှိ ချုံနွယ်မြက်ရိုင်းများ စတင်မီးလောင်ကျွမ်းရာမှ ဓာတ်ငွေ့ပိုက်လိုင်းထိ မီးကူးစက်ခဲ့ပြီး ပေါက်ကွဲမှုဖြစ်ခဲ့ရခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

အာဖဂန်၌ လမ်းဘေးဗုံးပေါက်ကွဲ အရပ်သား ကိုးဦးသေဆုံး

ဇော်ဦးခိုင်-စုစည်းသည်

ခို့စ် ဖေဖော်ဝါရီ ၂၇

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းရှိ ခို့စ်ပြည်နယ်တွင် ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက ကားတစ်စီး လမ်းဘေးဗုံးတစ်လုံး ထိမှန်ပေါက်ကွဲခဲ့သဖြင့် အရပ်သား ကိုးဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ (ဓါတ်ပုံ)

ဖြစ်ပွားခဲ့

ယင်းမော်တော်ယာဉ်သည် နံနက် ၉ နာရီခန့်တွင် မောင်းနှင်လာစဉ် ဗုံးဖောက်ခွဲခံခဲ့ရခြင်း ဖြစ်ကြောင်း၊ ပေါက်ကွဲမှုကြောင့် အမျိုးသားနှစ်ဦး၊ အမျိုးသမီး သုံးဦးနှင့် ကလေးငယ်လေးဦး သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူ မိုဟာမက်ဟာကွတ်က ပြောကြားသည်။ ထိုပေါက်ကွဲမှုဖြစ်စဉ်သည် ကဘူးလ်မြို့တော် အရှေ့တောင်ပိုင်း ကီလိုမီတာ ၁၅၀ အကွာတွင်ရှိသည့် ခို့စ်မြို့တော်၏အရှေ့ဘက် ၁၅ ကီလိုမီတာအကွာရှိ လာကန်နယ်မြေအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲအရာရှိများက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နယူးယောက်မြို့အနီး နှင်းမုန်တိုင်း တိုက်ခတ်

အယ်ဘာနီ ဖေဖော်ဝါရီ ၂၇

အမေရိကန်နိုင်ငံ နယူးယောက်မြို့အနီး အယ်ဘာနီအရပ်တွင် ဖေဖော်ဝါရီ ၂၇ရက်က နှင်းမုန်တိုင်းများ တိုက်ခတ်ပြီး ဆီးနှင်းများ အဆက်မပြတ် ကျဆင်းနေမှုကြောင့် လေယာဉ်ခရီးစဉ်များ နှောင့်နှေးကြန့်ကြာခဲ့ပြီး စာသင်ကျောင်းများလည်း ပိတ်ထားရကြောင်း၊ လူတစ်ဦးသေဆုံးခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

ပိတ်မိလျက်ရှိ

နယူးယောက်မြို့ ဝန်းကျင်အရပ်များတွင် နှင်းမုန်တိုင်းများ တိုက်ခတ်မှုနှင့် ဆီးနှင်းများ ကျဆင်းမှုကြောင့် အချို့နေရာများ၌ ဆီးနှင်းထုမှာ အမြင့်တစ်ပေမှ တစ်ပေခွဲခန့်အထိ ရှိခဲ့သည်။ ကားလမ်းများပေါ်တွင် မော်တော် ယာဉ်အစီးရေ ဒါဇင်များစွာ ပိတ်မိ လျက်ရှိပြီး အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

နှောင့်နှေးကြန့်ကြာ

ထို့အပြင် နယူးယောက်မြို့ ဝန်းကျင်ဒေသများတွင် မိုးရွာသွန်းမှုနှင့် လေပြင်းများတိုက်ခတ်မှုများကြောင့် လေယာဉ်ခရီးစဉ်များ နှောင့်နှေးကြန့်ကြာခဲ့သည်။

(အင်တာနက်)

အီရတ်ရှိ အကြီးဆုံးရေနံချက်စက်ရုံ မီးလောင် အလုပ်သမားနှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၇

အီရတ်နိုင်ငံ၏ အကြီးမားဆုံး ရေနံချက်စက်ရုံဖြစ်သည့် ဘေဂျီမြို့မှ ရေနံချက်စက်ရုံကို ဖေဖော်ဝါရီ ၂၇ ရက် နံနက်တွင် လက်နက်ကိုင်များက သေနတ်များ၊ ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အလုပ်သမား နှစ်ဦးသေဆုံးပြီး စက်ရုံမှာ မီးလောင်ပျက်စီးခဲ့ကြောင်း အီရတ်အရာရှိများက ပြောကြားသည်။ (ဓါတ်ပုံ)

ထိန်းချုပ်ထား

ဆလာဟီဒင်ပြည်နယ် ဘေဂျီမြို့ရှိ အဆိုပါ ရေနံချက်စက်ရုံကို တိုက်ခိုက်ရေးသမားများက ဗုံးများ၊ သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ပြီးနောက် ၎င်းရေနံချက်စက်ရုံကို အယ်လ်ခိုင်ဒါ တိုက်ခိုက်ရေးသမားများက ထိန်းချုပ်ထားလိုက်သည်။

၎င်းရေနံချက်စက်ရုံတွင် အကြီးအကျယ်မီးလောင်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါ စက်ရုံမှာ တစ်နေ့လျှင် သန့်စင်ပြီး ရေနံစည်ပေါင်း ၁၅၀၀၀၀ခန့် ထုတ်လုပ်နိုင်သည့် စက်ရုံဖြစ်ကြောင်း၊ ယင်းစက်ရုံမှ အင်ဂျင်အလုံး ၅၀ကို မီးဘေးမှ လွတ်ကင်းအောင် ကာကွယ်နိုင်ခဲ့ကြောင်း သတင်း၌ဖော်ပြသည်။

(အင်တာနက်)

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ နည်းပညာနှင့်သုတေသနအဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု ဝန်ကြီး ဦးမောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဦးမောင်မောင်ဆွေသည် ဖေဖော်ဝါရီ ၂၆ ရက်နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ် မီးသတ်တပ်ဖွဲ့ဝန်ထမ်းနေအိမ်ပါ မီးသတ်စခန်းသစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ တာမွေမြို့နယ်မီးသတ်စခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးသည် စမ်းချောင်းမြို့နယ် မြေနီကုန်းရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နည်းပညာနှင့်သုတေသန အဆောက်အအုံဆောက်လုပ်ပြီးစီးမှုအခြေအနေ၊သင်ကြားရေးခန်းမများ၊ အစည်းအဝေးခန်းမများ၊ ရုံးခန်းများ ဖွဲ့စည်းထားရှိမှု၊ ဝန်ထမ်းအိမ်ရာများ နေရာချထားမှုနှင့် ယာဉ်အဝင်အထွက်လမ်းများကောင်းမွန်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မီးသတ်နည်းပညာနှင့်သုတေသနဌာန ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သောပစ္စည်းများနှင့် ပရိဘောဂများ အသင့်ဖြစ်စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန် တာဝန်ရှိသူများအား မှာကြားပြီးလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တွဲဖက်အထကကျောင်း ဖွင့်ပွဲကျင်းပ

မကွေး ဖေဖော်ဝါရီ ၂၇

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ် ကြခတ်ကျေးရွာအုပ်စု ကြခတ်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းအား တွဲဖက်အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းရှေ့၌ကျင်းပရာ မင်္ဂလာအချိန်တွင် မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများလိုအပ်သည့် ထိုင်ခုံများအတွက် ကျေးရွာသမဝါယမအသင်းတာဝန်ခံဦးဖေသန်းက ငွေကျပ်တစ်သိန်းဖိုးလှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးက လက်ခံယူကြောင်း သိရှိရသည်။ (ဝ၇ဝ)

တောင်ကြီးမြို့နယ် နောင်ယွေး-တွန်းမုန့် ကျေးလက်ကျောက်ချောလမ်းအား အငယ်တန်းအင်ဂျင်နီယာ-၂ ဦးရဲ့ကြည်မြင့် အဖွဲ့ပိုင်စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂၇ ရက်က အမှုဆောင်အရာရှိဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းတို့ ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဖြူးမြို့၌ မီးလောင်မှုဖြစ်ပွား

ဖြူး ဖေဖော်ဝါရီ ၂၇

ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲပိုင်းက ဖြူးမြို့ သိမ်ကုန်းရပ်ကွက် အုတ်ဖြတ်လမ်း၌ မီးလောင်မှုတစ်ခု ဖြစ်ပွားသည်။

ဖြစ်ပွားပုံမှာ ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၃ နာရီ ၄၅ မိနစ်က ဖြူးမြို့ သိမ်ကုန်းရပ်ကွက် အုတ်ဖြတ်လမ်းအိမ်အမှတ်(၂)အိမ်ရှင်ဒေါ်ကျင်မြ အသက်(၆ဝ)၏ နေအိမ်တွင်လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားရာ ရပ်ကွက်နေပြည်သူများ၊ ဖြူးမီးသတ်စခန်းမှမီးသတ်မော်တော်ယာဉ်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်ကြသဖြင့် ညနေ ၄ နာရီကျော်တွင် ဘေးအိမ်များသို့ ကူးစက်မှုမရှိဘဲ မီးငြိမ်းသွားသည်။

အရေးယူ

မီးလောင်မှုကြောင့် အိမ်ရှင်ဒေါ်ကျင်မြ၏လေးပင်သုံးခန်း ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး တိုက်ခံနှစ်ထပ်အိမ်မှာ မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်မှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာက အရေးယူထားကြောင်း သိရှိရသည်။ **(ဝ၅၁)**

ဗဟန်းမြို့နယ် အမှတ်(၂၂) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ဘက်စုံပညာရည်ချွန် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က ကျင်းပရာ စတုတ္ထတန်းတွင် မြို့နယ်ဘက်စုံစာပေထူးချွန်ဆုနှင့် တတိယတန်းတွင် ပထမဆုရရှိသော မစောယုနန္ဒာအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးလှိုင် ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဖလားဝါးနယူးစ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၇)၊ အမှတ်(၉)၌ ပင်လယ်ကူးသင်္ဘောကြီးများ အလွယ်တကူဝင်ရောက်နိုင်ရန် ရန်ကုန်မြစ်ကြောင်းပြုပြင်ခြင်းလုပ်ငန်းများ တရုတ်ကုမ္ပဏီက ဆောင်ရွက်မည်၊ ကမ္ဘာနှင့်မြန်မာတွင် ရွှေဈေးကောင်းနေခြင်းကြောင့် ရွှေတူးဖော်ရေးလုပ်ငန်းများ လုပ်ကွက်အသစ်များရှာဖွေနေ၊ တပေါင်းလပြည့်နေ့တွင် လနှင့်ကမ္ဘာ အနီးဆုံးဖြစ်မည်၊ ရန်ကုန်တစ်ဖက်ကမ်း ရေရရှိရေး ဦးစားပေးသွားမည်၊ ဂျက်နှင့် ဖော်ကာလေယာဉ်များ ဝယ်ကြမလား၊ ဆေးရုံတက် ကျောင်းသားများအတွက် စာဖြေဌာနသုံးခု ဖွင့်လှစ်ပေးမည်၊ နည်းပညာတက္ကသိုလ်သန်လျင်မှ ပါမောက္ခချုပ်ဒေါက်တာ ဦးအောင်ကျော်မြတ်နှင့်တွေ့ဆုံခြင်း၊ အခြေခံလူတန်းစားဘဝမြင့်မားရေး အစိုးရသစ်ပုံဖော်ဖို့လို၊ လေထုညစ်ညမ်းမှုကိုကာကွယ်ပါ၊ တိုးတက်ဖွံ့ဖြိုးမှုနှင့်အပြောင်းအလဲ၊ ရုပ်သိမ်းတယ် မရုပ်သိမ်းဘူးဆိုတာ အီးယူနဲ့ ယူအက်စ်အပေါ်မှာပဲ မူတည်တယ် စီးပွားရေးပညာရှင် ဆရာဦးခင်မောင်ညို (ဘောဂဗေဒ)နှင့်တွေ့ဆုံခြင်း စသည့်ဖတ်စရာ၊ မှတ်စရာ သတင်းဆောင်းပါးများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ဘဏ်လုပ်ငန်းရဲ့ ရည်မှန်းချက်က ဖောက်သည်တွေရဲ့ ယုံကြည်ကိုးစားမှုကိုရရှိရေးဖြစ်တယ်၊ စီးပွားရေးပညာရှင် Citi Bank ၏ စီအီးအိုဗီကရမ်ပန်ဒစ်နှင့် စပီဂျဲလ်မဂ္ဂဇင်းတို့တွေ့ဆုံခြင်း၊ ကမ္ဘာ့နံပါတ်တစ်နေရာအတွက် တရုတ်အပြောင်းအလဲပြုရပါဦးမည် နိုင်ငံတကာသတင်းဆောင်းပါးနှင့်အတူ နယူးဇီလန်တွင် မြေငလျင်လှုပ်မှုကြောင့် လူ ၃၀၀ကျော် သေဆုံးနိုင်ဖွယ်ရှိ၊ တစ်ကမ္ဘာလုံးက အချိန်တွေကိုပိုင်ဆိုင်ရန် ရုရှားအစိုးရက ကြိုးပမ်းလာ၊ ထိုင်းတွင် ဖွတ်သူခိုးဖမ်းမိ၊ အမေရိကန်သင်္ဘောအား ပြန်ပေးဆွဲသော ဆယ်ကျော်သက် ဆိုမာလီပင်လယ်ဓားပြ ထောင်ဒဏ် ၃၄ နှစ်ကျခံရ၊ အာဖဂန်ဘဏ်ကို တာလီဘန်တို့ ဝင်ရောက်တိုက်ခိုက် စသည့်နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

ကြို့ပင်ကောက်မြို့နယ် ရွှေကျွန်းတောသစ်ထုတ်လုပ်ရေးစခန်း (ဇီးကုန်းသစ်ထုတ်ရေးဒေသ)၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသောင်းထွန်း၊ မြို့နယ်အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးဇော်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လက်ထောက်မန်နေဂျာ ဦးသန်းဇော်ထွေးနှင့် ဝန်ထမ်းများ သရုပ်ပြလေ့ကျင့်ကြစဉ်။ (၁၁၁)

ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင်နှင့်အဖွဲ့ မော်ဘီမြို့မဈေး မီးဘေးကာကွယ်ရေး ကြိုတင်ပြင်ဆင်ထားရှိမှုကို ဖေဖော်ဝါရီ ၂၅ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးရဲမင်းကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဦးတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်းဒေသကြီး(အနောက်) မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန အခြေစိုက်အလုပ်ရုံ(ပြည်) မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လေ့ကျင့်သရုပ်ပြပွဲကို ဇန်နဝါရီ ၂၁ ရက်က အဆိုပါအလုပ်ရုံ၌ကျင်းပရာ ပြည်ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ရွှေထွန်းနှင့် မီးသတ်တပ်ဖွဲ့များ၊ ဝန်ထမ်းများက မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြသစဉ်။ (ဝ၅၇)

ပြင်ဦးလွင်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းထွန်းစိုး အမှတ်(၁) အလကကျောင်း၌ ဖေဖော်ဝါရီ ၂ ရက်က မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသစဉ်။ (ဝ၂၆)

ရွှေညောင်မြို့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ(က)အဆင့်တွင် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၁၀ ရက်က ဆောင်ရွက်ခဲ့ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်သန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနခွဲမန်နေဂျာ ဦးခင်မောင်ဌေးနှင့်ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (၁၈၉)

ရန်ကုန်-ပုသိမ် မီးရထားလမ်းစီမံကိန်း တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်တင်မောင်ဝင်းသည် ဖေဖော်ဝါရီ ၂၁ ရက်က မြန်မာ့မီးရထားတံတားအထူးအဖွဲ့က တာဝန်ယူ တည်ဆောက်နေသော ရန်ကုန်-ပုသိမ် မီးရထားစီမံကိန်း၏ ပုသိမ်-အိမ်မဲကားလမ်း ခုံးကျော်လုပ်ငန်း ဆောင်ရွက်နေမှု၊ အိမ်မဲ-ကျောင်းကုန်းကားလမ်း ခုံးကျော်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ အိမ်မဲမြစ်ကူးတံတား ဘိုးပိုင်လုပ်ငန်း ဆောင်ရွက် ပြီးစီးမှုနှင့် ကွန်ကရစ်ပေါင်တပ်ဆင်ရန် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ထို့နောက် အိမ်မဲ-ပန်းတနော် လမ်း ရေသိုး-ညောင်ပိုင်းကျေးရွာတွင် နွေစပါး စိုက်ပျိုးရှင်သန်ဖြစ်ထွန်းမှုနှင့် မြေသြဇာကြဲပက်နေမှုတို့ကို ကြည့်ရှု စစ်ဆေးပြီး အိမ်မဲမြို့ နယ်မြေခံတပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး ကာ တပ်ရင်းခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊စစ်သည်များနှင့် အိမ်ထောင်စု ဝင်များအားတွေ့ဆုံ၍ ရုပ်မြင်သံကြား ဖမ်းစက်တစ်စုံ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝါးခယ်မမြို့နယ် ကျုံပတုတ်ကျေးရွာအနီး နွေစပါးစိုက် ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးကာ နွေ စပါးရှင်သန်ဖြစ်ထွန်းမှုနှင့် ပေါင်းရှင်း ခြင်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက် မည့် အရှည်ပေ၄ဝနှင့် အကျယ်၁၂ ပေရှိ သံပေါင်ခံသစ်သားတံတားအမျိုး အစား ကျုံပတုတ်တံတားပြင်ဆင်မည့် အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဖြေဆို

တိုင်းမှူးသည် ဖေဖော်ဝါရီ ၂၂ ရက်က ပုသိမ်မြို့ တိုင်းစစ်ဌာနချုပ် ခန်းမ၌ ကျင်းပသော (၆၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည် တော် ကျင့်ဝတ်ပြိုင်ပွဲတွင် အရာရှိ၊ အရာခံ၊ အကြပ်အဆင့် ရေးဖြေ ဖြေဆိုမှုနှင့် တပ်သားအဆင့်နှုတ်ဖြေ ဖြေဆိုနေမှုတို့ကို ကြည့်ရှုစစ်ဆေး သည်။

ထို့နောက် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့နယ်၌ ငဝန်တာ (ဖောဓိကုန်း) ဝန်းတာလုပ်ငန်း ဆောင် ရွက်နေမှုနှင့် ဒေါင့်ကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

မူဆယ်၌ ဆေးကုသမှု ကွင်းဆင်းဆောင်ရွက်

မူဆယ် ဖေဖော်ဝါရီ ၂၇

မူဆယ်ခရိုင် ကျန်းမာရေးဦးစီးဌာနနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့ပူးပေါင်း၍ မူဆယ် ခရိုင်အတွင်းရှိ နယ်မြေများတွင် ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက် လျက်ရှိသည်။

မူဆယ်ခရိုင် မန့်ဟီးရိုးမြို့နယ်ရှိ ကောက်ကွက်ကျေးရွာသို့ ခရိုင် အမျိုး သမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်ဦးမွန်နှင့်အဖွဲ့ဝင်များ၊ မူဆယ်မြို့ ပြည်သူ့ ဆေးရုံ ဆေးရုံအုပ် ဒေါက်တာမြင့်မြင့်ခိုင်နှင့် အထူးကုဆရာဝန်ကြီးများအဖွဲ့ သည် ဖေဖော်ဝါရီ ၂၅ရက် နံနက် ၈နာရီကစတင်၍ ကွင်းဆင်းပြီး ကျေးရွာမှ ပြည်သူ ၂၁၉ဦးအား ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများ၊ ဆေးကုသမှုများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၇ရက်ကလည်း ပန်ဆိုင်း (ကျူကုတ်)မြို့နယ် ဖိုင်ကောင်းကျေးရွာတွင် ကွင်းဆင်းဆေးကုသမှုဆောင်ရွက် ခဲ့ရာ ကျေးရွာနေပြည်သူ၂၅၈ဦးအား ဆေးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

လှူဒါန်း

လှည်းကူးမြို့နယ် ပြည်တော် သာရပ်ကွက် အရှေ့မင်းလမ်းနေ ဦးဘမြင့်-ဒေါ်ခင်ညွန့် မိသား စုက ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေး ရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေး လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

တိုက်နယ်ဆေးရုံတည်ဆောက်ရေး ပန္နက်တင်ပွဲအခမ်းအနား ကျင်းပ

ကလေး ဖေဖော်ဝါရီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ် ရာဇဂြိုဟ် ကိုယ့်အား ကိုယ်ကိုးတိုက်နယ်ဆေးရုံ တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲနှင့် ပန္နက်တင်ပွဲမင်္ဂလာကို ဖေဖော်ဝါရီ ၁၉ရက် နံနက်က တိုက်နယ်ဆေးရုံမြေ နေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးစိုးတင့်၊မြို့နယ်ဥက္ကဋ္ဌဦးလင်းထင်၊ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပန္နက်တင်ပေးကြသည်။

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးစိုးတင့်က ငွေကျပ် တစ်သိန်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာနှင့် ကျေးရွာပြည်သူများက အလှူငွေကျပ် ၁၀၉ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌ ဦးတင် ထွန်းနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။ **(ခရိုင် ပြန်/ဆက်)**

သွားဘက်ဆိုင်ရာ ဆရာဝန်များ သင်တန်းတက်ရန် ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(ဗဟို)နှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံဂွမ်ဒေါင်းပြည်နယ် (Guangdong) သိပ္ပံနှင့်နည်းပညာ ဌာနတို့ပူးပေါင်းစီစဉ်မှုဖြင့် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၁၅ ရက်အထိ ပထမဆုံး အကြိမ်ဖွင့်လှစ်ပို့ချမည့် Training Course on Dental Technology သင်တန်းသို့တက်ရောက်ရန် မြန်မာ နိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန် အသင်းမှ အသင်းဝင်ဆရာဝန်များဖြစ် ကြသည့်ဒေါက်တာမောင်တိုး၊ဒေါက်တာ သန်းကျော်ဌေး၊ ဒေါက်တာ တင်ထွန်း ဝင်း၊ဒေါက်တာသင်းနိုင်ဦး၊ဒေါက်တာ လှထွန်းဦး၊ ဒေါက်တာဥမ္မာဝင်းနှင့် ဒေါက်တာထင်အောင်တို့သည် ဖေဖော် ဝါရီ၂၆ရက် နံနက်ပိုင်းက လေကြောင်း ခရီးဖြင့် ထွက်ခွာသွားကြရာ အသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဦးသိန်းထွဋ် နှင့် အဖွဲ့ဝင်များက ရန်ကုန်အပြည် ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင် နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ပို့ချမည်

အဆိုပါ သင်တန်းကို Guangdong Provincial Stomatological Hospital၌သွားဖုံးရောဂါ ပညာ၊ သွားမြစ်တွင်း ကုသမှုပညာ၊ သွားတု ပညာ၊သွားမြစ်တွင်း အစားထိုးပညာ စသည့်ဘာသာရပ်များကို ပို့ချမည် ဖြစ်သည်။ အဆိုပါသင်တန်းသား များသည် Dental South China International Exhibition 2011 သို့လည်း တက်ရောက်ကြမည်ဖြစ် သည်။ **(သတင်းစဉ်)**

အမြို့မြို့အနယ်နယ်၌ လမ်းနှင့် စက်ရေတွင်းဖွင့်

စစ်ကိုင်းမြို့နယ်၌ အရှည်ပေ ၂၄၈၅၀ ရှိ တင်းတိပ်-စာရေး- ကျောက်ပန်း ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၆ ရက်က ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် နှင့် ခရိုင်ဥက္ကဋ္ဌ ဦးအုန်းသန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၅၃)

ဘုတလင်မြို့နယ် ရွှေတောင်ကျေးရွာ၌ အလှူရှင် စက်ရေတွင်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်လွင်၊ အလှူရှင် ဒေါ်ခင်လေးမြင့်နှင့် ဒေါ်သန်းသန်းထွေးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ခင်ဦးမြို့နယ်ရှိ စံပယ်လမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးကျော်လွင်၊ အမှုဆောင်အရာရှိ ဦးချစ်ငွေနှင့် ကွန်ကရစ်ရေပြွန်တံတား အလှူရှင် ဦးထွန်းမြင့်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၈၂)

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် ကျောက်ချောလမ်းသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၂၇ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းစံဝင်းနှင့် အမှုဆောင်အရာရှိ ဦးအောင်စည်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၉၈)

သာစည်မြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ ဇီဇဝါလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပရာ အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးပေါက်ကျော်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၀၉၄)

"အာလူးကို စိုက်နည်းမှန်နဲ့ မျိုးကောင်းရွေးချယ်စိုက်ပျိုးပါက တစ်ပင်ကို ခုနစ်လုံး၊ ရှစ်လုံးသီးပါတယ်"
ဦးစိုးမြင့်
တောင်သူ၊ဆင်သေကျေးရွာ။

❖ ရှေ့ဖုံးမှ

သတင်းအဖွဲ့သည် ကျားသေအိုင်ကျေးရွာမှ တောင်သူ ဦးကျော်သောင်းအား စိုက်ပျိုးရေးနှင့် ပတ်သက်၍ မေးမြန်းကြည့်ရာ "ကျွန်တော်တို့ကျေးရွာက ပန်းဂေါ်ဖီ၊ ပန်းမုန်လာ၊ ကြက်သွန်၊ ခရမ်းချဉ်၊ ပြောင်းဖူးနဲ့ ပဲမျိုးစုံတို့ကို အဓိက စိုက်ပျိုးပါတယ်"ဟု ပြောကြားသည်။

ရောင်းချ

ကြက်သွန်စိုက်ပျိုးမှုနှင့် ပတ်သက်၍ မေးမြန်းရာ "ကြက်သွန်မျိုးကို ကျွန်တော်တို့ကိုယ်တိုင် မျိုးခံပြီး အစေ့ထုတ်ထားတဲ့မျိုးပါ၊ ကြက်သွန်စိုက်ရာမှာ ရက်ပေါင်း ၉၀ကြာပါတယ်။ ကျွန်တော် ကြက်သွန် ၁ ဒသမ ၂၅ ဧက စိုက်ပျိုးထားပါတယ်။ ပိဿာချိန် အနည်းဆုံး ၄၀၀၀ လောက် ထွက်နိုင်ပါတယ်။ ဈေးကတော့ ရာသီပေါက်ဈေးအတိုင်း ရောင်းချပါတယ်။ ကျွန်တော်တို့ဆီက ကြက်သွန်တွေကို ရန်ကုန်မြို့ နဲ့ မော်လမြိုင်မြို့တွေဆီ တင်ပို့ပါတယ်"ဟု ပြောပြသည်။

ကျေးရွာပတ်ဝန်းကျင်တစ်ခွင်တွင် ကြက်သွန်၊ မုန်လာ၊ ဂေါ်ဖီထုပ် စသည့်သီးနှံများ စိုက်ပျိုးထားသည်ကို အားရစရာ တွေ့မြင်ခဲ့ရသည်။

ဆက်လက်၍ သတင်းအဖွဲ့သည် ခရီးဆန့်ခဲ့ရာ ဆင်သေချောင်းအနီးတွင် အောင်မြင်ဖြစ်ထွန်းနေသော အာလူးခင်းများကို တစ်မျှော်

ဆင်သေချောင်းအနီး အာလူးခင်းက ဤသို့ တစ်မျှော်တစ်ခေါ်။

တစ်ခေါ်တွေ့၍ စိုက်ပျိုးသူတောင်သူတစ်ဦးကို မေးမြန်းကြည့်ရာတွင် "ကျွန်တော့်အမည်က ဦးစိုးမြင့်ပါ၊ ဆင်သေကျေးရွာမှာ နေထိုင်ပါတယ်။ ကျွန်တော်တို့ ဆင်သေကျေးရွာက အာလူး၊ ကြက်သွန်နှင့် မေမြို့ပန်းတွေကို အဓိကထား စိုက်ပျိုးထားပါတယ်။

မြေနုမှာစိုက်ပျိုး

"အခုအာလူးခင်းရဲ့ အကျယ်က တစ်ဧကခွဲရှိပါတယ်။ အာလူးမျိုးကိုတော့ ရှမ်းပြည်နယ် (တောင်ပိုင်း) နောင်တရားမြို့က ဝယ်ယူရပါတယ်။ ချောင်းမြေနဲ့သဲဆန်တဲ့ မြေနုမှာစိုက်ပျိုးရပါတယ်။ အာလူးပင်တွေ ကြီးထွားသန်မာဖို့အတွက်ကတော့ သဘာဝမြေဩဇာနွားချေးတွေကို မစိုက်ခင်ထယ်ရေးထဲမှာ များများထည့် ထားရပါတယ်။ အာလူးပင်ဟာ ရက်ပေါင်း ၇၅ ရက်ကနေ ရက် ၉၀ အထိဆိုရင် တူးဖော်လို့ရပါပြီ။

"ကြက်သွန်မျိုးက ကျွန်တော်တို့ကိုယ်တိုင် မျိုးခံယူထားတဲ့မျိုးပါ"
ဦးကျော်သောင်း
တောင်သူ၊ကျားသေအိုင်ကျေးရွာ။

ရောင်းချ

"စိုက်နည်းမှန်နဲ့ မျိုးကောင်းရွေးချယ်စိုက်ပျိုးပါက တစ်ပင်ကို ခုနစ်လုံး၊ ရှစ်လုံးသီးပါတယ်။ သဲဆန်သောမြေမှာ စိုက်ရတဲ့အပင်ဖြစ်တာကြောင့် ရေများများ လောင်းပေးရပါတယ်။ အာလူးဈေးကတော့ ပေါက်ဈေးအတိုင်း ရောင်းချပါတယ်။ အဓိကပို့ရတဲ့ မြို့တွေကတော့ နေပြည်တော်၊ ရန်ကုန်မြို့၊ မော်လမြိုင်မြို့နဲ့ ပဲခူးမြို့တွေကိုပဲ ဖြစ်ပါတယ်"ဟု ပြည့်ပြည့်စုံစုံ ပြောကြားခဲ့သည်။

ဆင်သေချောင်းအနီးဝန်းကျင်၌ အာလူးခင်းများ၊ ကြက်သွန်ခင်းများ၊ ငရုတ်ခင်းများ စိုက်ပျိုးထားသည်မှာ ရှုမျှော်မဆုံး တွေ့ရသည်။ မြင်ရသူအတွက် အားရကြည်နူး စိတ်ရွှင်မြူးစရာပင် ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်

တပ်ကုန်းမြို့နယ် အတွင်းရှိ ကျေးရွာနေ တောင်သူများသည် မိရိုးဖလာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် သီးနှံစိုက်ပျိုးခြင်းကို လုပ်ကိုင်လျက်ရှိပြီး နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးအတွက် တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးလျက်ရှိသည်။ ထို့ပြင် စိုက်ပျိုးသူ တောင်သူဦးကြီးများအနေဖြင့် စိုက်ပျိုးသီးနှံ အထွက်တိုးအောင် စိုက်ပျိုးနိုင်ခဲ့ကြသဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်လျက်ရှိနေပါကြောင်း ကွင်းဆင်းလေ့လာတွေ့မြင်မိသမျှကို ရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)



အာလူးများ

ဆင်သေချောင်းအနီး အာလူးစိုက်ခင်းများမှ ဖော်ယူထားသော အာလူးများက တောင်လိုပုံ။

ကြက်သွန်မျိုးစိုက်ခင်း

မျိုးကောင်းရရန်အတွက် မျိုးခံစိုက်ပျိုးထားသည့် ကြက်သွန်မျိုးခင်းကလည်း ဤသို့ အလှသွေးကြွယ်။

တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာနေ တောင်သူများသည် မိရိုးဖလာ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အဖြစ် သီးနှံစိုက်ပျိုးခြင်းကို လုပ်ကိုင်လျက်ရှိပြီး နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးအတွက် တစ်ထောင့် တစ်နေရာမှ ဖြည့်ဆည်းပေးလျက်ရှိ။ စိုက်ပျိုးသူ တောင်သူဦးကြီးများအနေဖြင့် စိုက်ပျိုးသီးနှံ အထွက် တိုးအောင် စိုက်ပျိုးနိုင်ခဲ့ကြသဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လျက်ရှိ။

28-2 (07).pmd 1 2/28/2011, 3:36 AM

● *ကျောဖုံးမှ*

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ တိုက်နယ်ဆေးရုံ အဆောက်အအုံမုခ်ဦးရှေ့၌ ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဝန်ကြီး ဦးစိုးနိုင်၊ မလေးရှားနိုင်ငံ သံအမတ်ကြီးနှင့် မလေးရှား အလုပ်အမှုဆောင်အဖွဲ့ဝင်တို့က ကျုံဒါး ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ဆေးရုံအတွင်းရှိ ဓာတ်ခွဲခန်း၊ အမျိုးသားလူနာကုသဆောင်၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ အမျိုးသမီးလူနာ ကုသဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးကြသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ မာစီမလေးရှားက ကျန်းမာရေးဦးစီးဌာနသို့ တိုက်နယ်ဆေးရုံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဆေးရုံရှေ့ရှိ မဏ္ဍပ်၌ ကျင်းပရာ မာစီမလေးရှား အလုပ်အမှုဆောင်အဖွဲ့ဝင် Mr. Norazam Ab Samah က ဆေးရုံစီမံကိန်း အချက်အလက်များကို လွှဲပြောင်းပေးအပ်ပြီး ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှူဒါန်း

မာစီမလေးရှားက ကျုံဒါး ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများ၊ ပရိဘောဂများ အမေရိကန်ဒေါ်လာ ၃၂၈၈၆၀ ဖိုး အကုန်အကျခံ တည်ဆောက် ဖြည့်ဆည်းလှူဒါန်းပြီး ဒေးဒရဲမြို့နယ် ပြည်သူ့ဆေးရုံ သားဖွားခန်းနှင့် ခွဲစိတ်ခန်းတို့ကို တည်ဆောက်လှူဒါန်းသည်။ ထို့အပြင် တိုးကျေးလက်ကျန်းမာရေးဌာန၊ တော်ချိုက်ကျေးလက်ကျန်းမာရေးဌာနခွဲ၊ သောင်တန်းကျေးလက်ကျန်းမာရေးဌာနခွဲ၊ နေရောင်ကာ တိုက်နယ်ဆေးရုံ ဝန်ထမ်းနေအိမ်၊ မရမ်းအနောက် ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ရွာတန်းရှည်ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဆူးကလပ်ကျေးလက် ကျန်းမာရေးဌာနများ တည်ဆောက်ခြင်းနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများနှင့် ပရိဘောဂများ စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၉၁၃၇၀၃ဖိုးကို ဖြည့်ဆည်းလှူဒါန်းခဲ့သည်။

ဆောက်လုပ်ပေး

အဆိုပါ ဆောက်လုပ်ရေးလုပ်ငန်းများကို စွမ်းအားကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်ပေးခဲ့ပြီး စွမ်းအားကုမ္ပဏီကလည်း အမေရိကန်ဒေါ်လာ ၃၅၉၄၃ဖိုး ပါဝင်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၁) (၃၁)နှစ်မြောက် ကျောင်းဆင်းပွဲ စတုတ္ထအကြိမ်မြောက် ကုသိုလ်ပြုပွဲနှင့် အာစရိယပူဇော်ပွဲအထိမ်းအမှတ် အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရ ဆွမ်းပဒေသာပင် အလှူငွေကျပ် ၃၁၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အတွင်းရေးမှူး ဦးသိန်းအောင်တို့ လက်ခံစဉ်။ (သတင်းစဉ်)

အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၈၇နှင့် ၁၉၉၁) မြို့ပြအင်ဂျင်နီယာကျောင်းဆင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့်အတူ ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၈၇နှင့် ၁၉၉၁) မေဂျာစုံ အင်ဂျင်နီယာကျောင်းဆင်းများ၏ အဋ္ဌမအကြိမ်အာစရိယပူဇော်ပွဲကို မတ် ၂ ရက် (တောင်သူလယ်သမားနေ့)တွင် ညနေ ၃ နာရီမှ ၅ နာရီအထိ အာစရိယပူဇော်ပွဲကိုလည်းကောင်း၊ ညနေ ၆ နာရီမှ ၈ နာရီအထိ မိတ်ဆုံစားပွဲကိုလည်းကောင်း ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အင်းလျားကန် ဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ အင်ဂျင်နီယာကျောင်းသားဟောင်းများ မပျက်မကွက်တက်ရောက်၍ ဆရာ ဆရာမများအား ပူဇော်ကန်တော့နိုင်ကြောင်းနှင့် မြို့ပြ-ဒေါက်တာဉာဏ်မြင့်ကျော် ဖုန်း-၀၉-၅၀၃၃၅၅၈၊ ဦးစိုးလွင်(ချက်ကြီး) ဖုန်း-၀၉-၅၀၄၁၉၀၅၊ ဦးဝင်းနိုင်ထွန်း ဖုန်း-၀၉-၅၀၇၇၁၅၃၊ ဦးကိုကိုထွေး ဖုန်း-၀၉-၅၁၇၉၁၁၀၊ ဦးသန်းဝင်း ဖုန်း-၀၉-၅၀၁၇၄၂၅၊ စက်မှု၊ လျှပ်စစ်နှင့် မေဂျာစုံ- ဦးမိုးမြင့်ကျော် ဖုန်း-၀၉-၅၀၃၆၀၆၉နှင့် ဦးတင်မောင်နိုင် ဖုန်း-၀၉-၅၁၂၅၃၇၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

LOLANE ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

GRAND WYNN GROUP OF COMPANIES က ၂၀၁၀ ခုနှစ်အတွက် LOLANE, RICO & RINA အလှကုန်ပစ္စည်းများ၊ BUTTER CUP & MOTHER'S CHOICE MARGARINE နှင့် မုန့်လုပ်ငန်းသုံးပစ္စည်းများ ရောင်းအားအကောင်းဆုံး ဆုချီးမြှင့်ပွဲနှင့် LOLANE ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ CHATRIUM HOTEL ၌ ကျင်းပရာ **(အပေါ်ပုံ)** ရှေးဦးစွာ CHAIRMAN ဦးလှဝင်းကိုယ်စား GENERAL MANAGER ဦးအယ်(လ်)လမိန်းဒိန်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် NATIONAL SALES & MARKETING MANAGER ဦးသိန်းထိုက်က ၂၀၁၀ ခုနှစ်အတွက် LOLANE, RICO & RINA အလှကုန်ပစ္စည်းများ၊ BUTTER CUP & MOTHER'S CHOICE MARGARINE နှင့် မုန့်လုပ်ငန်းသုံးပစ္စည်းများ ရောင်းအားအကောင်းဆုံး ဖြန့်ဖြူးရောင်းချပေးခဲ့သည့် အရောင်းကိုယ်စားလှယ်ကြီးများနှင့် လုပ်ငန်းရှင်ကြီးများအား ဆုချီးမြှင့်ရခြင်းနှင့် ၂၀၁၁ ခုနှစ်အတွက် အသစ် ထပ်မံထုတ်လုပ်လိုက်သည့် ဆံပင်သားအရောင် တိကျစွာရရှိစေသည့် LOLANE PIXEL HAIR COLOR၊ ဆေးဆိုးရန်အချိန် သီးသန့်ပေးစရာမလိုဘဲ အလွယ်တကူ ခေါင်းလျှော်လိုက်ရုံဖြင့် ဦးရေပြားကို ထိခိုက်ခြင်းမရှိဘဲ ငါးမိနစ်အတွင်း ဆံပင်ဆံသားကို ပြန်လည်နက်မှောင်သွားစေမည့် NATURE CODE COLOR SHAMPOO နှင့် VITAMIN "E"အပြည့်အဝပါဝင်သော RINA HAIR COAT နှင့် တစ်နေကုန် ချိုင်းအနံ့ဆိုးများကို ဖယ်ရှားပေးပြီး ချိုင်းသားကိုဖြူစေသည့် RICO & RINA ROLL ON အလှကုန်ပစ္စည်းများနှင့် ကိုလက်စထရောမပါဝင်ဘဲ ဗီတာမင် အပြည့်အဝပါဝင်သော လူမျိုးမရွေး ဘာသာမရွေး အသင့်စားသုံးနိုင်သော BUTTER CUP အမှတ်တံဆိပ် ထောပတ်ကုန်ပစ္စည်း အသစ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ၂၀၁၀ ခုနှစ်အတွက် LOLANE အလှကုန်ပစ္စည်းများ၊ RICO & RINA အလှကုန်ပစ္စည်းများ၊ BUTTER & MOTHER 'S CHOICE MARGARINE နှင့် မုန့်လုပ်ငန်းသုံးပစ္စည်းများကို အများဆုံးဝယ်ယူဖြန့်ဖြူးရောင်းချပေးခဲ့သော အရောင်းကိုယ်စားလှယ်ကြီးများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်လာကြသော CUSTOMER များ၊ အနုပညာရှင်များ၊ စာနယ်ဇင်းအသီးသီးမှ တာဝန်ရှိသူများ၊ အရောင်းကိုယ်စားလှယ်ကြီးများနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအား အမှတ်တရ လက်ဆောင်များနှင့် ကံစမ်းမဲ ဖွင့်ပေးသည်။

အခမ်းအနား အထိမ်းအမှတ်အနေဖြင့် LOLANE PIXEL HAIR COLOR, NATURE CODE COLOR SHAMPOO နှင့် RINA HAIR COAT, RICO & RINA ROLL ON အလှကုန်ပစ္စည်းများကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။

ဆက်သွယ်နိုင်

GRAND WYNN GROUP OF COMPANIES သည် နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်မားသော ဆံပင်နှင့်အသားအရေ ထိန်းသိမ်းခြင်းဆိုင်ရာ LOLANE နှင့် RICO & RINA အမှတ်တံဆိပ် HAIR, BODY & SKIN CARE အလှကုန်ပစ္စည်းများ၊ BUTTER CUP & MOTHER'S CHOICE MARGARINE နှင့် မုန့်လုပ်ငန်းသုံး ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိရာ ကိုယ်စားလှယ်ရယူလိုပါက GRAND WYNN GROUP OF COMPANIES အမှတ် ၄၀ ၆၇ လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၄၀၄၅၊ ၂၉၀၁၇၀၊ ၂၉၁၃၁၈ နှင့် E-mail: grandwynn@mptmail.net.mm သို့ အသေးစိတ် ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသောမိုင်းတစ်လုံး နင်းမိသဖြင့် အရပ်ယာဉ်တစ်စီးပျက်စီး၊ ယာဉ်မောင်း ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ကရင်ပြည်နယ် ဖာပွန်မြို့နယ် မဲသလွတ်ကျေးရွာမှ ယာဉ်မောင်း ဦးမြင့်ဇော်ဦး မောင်းနှင်လာသည့် အရပ်ယာဉ်တစ်စီးသည် ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် ဖာပွန်မြို့၏ အနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာ၌ KNU အကြမ်းဖက် သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် ယာဉ်အရှေ့ပိုင်းပျက်စီးခဲ့ပြီး ယာဉ်မောင်း ဦးမြင့်ဇော်ဦး၏ ဘယ်ဘက်ခြေမျက်စိ စုတ်ပြဲကာ ဘယ်ဘက်ခြေသလုံး ရိုးကျိုး ဒဏ်ရာရရှိခဲ့ကြောင်း၊ လူနာအား ဖာပွန်မြို့ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက်ရှိပြီး တာဝန်ရှိသူများက လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းများနင်းမိသဖြင့် အပြစ်မဲ့ပြည်သူများ ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပဲခူးတိုင်းဒေသကြီး ပြွန်တန်ဆာမြို့ ချောင်းအင်းရွာနေ ဦးဖိုးရွှေသည် ရွှေကျင်မြို့သို့ တောင်ယာလုပ်ငန်း သွားရောက်လုပ်ကိုင်စဉ် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၆ နာရီခွဲခန့်တွင် မြို့၏အရှေ့တောင်ဘက် ငါးမိုင်ခန့်အကွာ၌ KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံး နင်းမိသဖြင့် ဘယ်ခြေချင်းဝတ်အထက်ပိုင်းမှ ပြတ်ဒဏ်ရာ ရရှိခဲ့သည်။

ဒဏ်ရာရရှိ

အလားတူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နေ မောင်နေလင်းအောင်သည် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့သို့ ရောက်ခြံစိုက်ပျိုးရေးလုပ်ငန်း သွားရောက်လုပ်ကိုင်စဉ် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီခန့်တွင် မြို့၏အရှေ့တောင်ဘက် ၇ မိုင်ခန့် နေရာ၌ KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံး နင်းမိသဖြင့် ဘယ်ခြေချင်းဝတ်ပြတ် ဒဏ်ရာရရှိခဲ့သည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး မဒေါက်မြို့နေ ဦးအားမင်သည် ရွှေကျင်မြို့သို့ ဝါးခုတ်ရန် သွားရောက်စဉ် ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၈ နာရီခန့်တွင် မြို့၏အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာ၌ KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံး နင်းမိသဖြင့် ညာခြေချင်းဝတ်ပြတ် ဒဏ်ရာရရှိခဲ့သည်။

ကူညီစောင့်ရှောက်

အဆိုပါ ဒဏ်ရာရရှိသူများအား ရွှေကျင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသပေးလျက်ရှိပြီး တာဝန်ရှိသူများက လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက် ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့် ဟင်းချက်ပြုတ်ခြင်း မပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူးသတိပြု သုံးစွဲရန်။ (မီးသတ်ဦးစီးဌာန)

တတ် ဖတ် မှတ် မြတ်

ရတနာစည်ဆရာတော် (လှိုင်သင်)

တတ်

တတ် ဟူသည် စာတတ်ခြင်းကို ဆိုပါ၏။ ယနေ့ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ရာနှုန်းပြည့်လုအထိ မြင့်မားလာနေလျက်ရှိ၏။ သက်ကြီးစာတတ်မြောက်မှုနှုန်းသည်ပင် ၉၄ ရာခိုင်နှုန်းအထက် တက်လာလျက်ရှိနေပြီ။

ဖတ်

ဖတ် ဟူသည် စာဖတ်ခြင်းကိုဆိုပါ၏။ စာတတ်ပြီးသူ၏တူရှုသည် စာဖတ်ခြင်းဖြစ်၍ တူရှုသို့ မလွဲမသွေလားရမည်ဖြစ်၏။ တူရှုသို့လားကာ စာများများဖတ်လေလေ အသိပညာဗဟုသုတများ တိုးပွားလာလေလေ ဖြစ်ပြီး ယင်းသုတပညာများက ဖတ်သူဘဝကို အမြင့်သို့ မြှင့်တင်ပေးသည့် မြှင့်အားများဖြစ်လာလေ၏။

ဖတ်စရာ

စာတတ်သူ ဖတ်ဖို့အတွက် ဖတ်စရာတွေက ယနေ့ကာလဝယ် အများအပြား ပေါ်ထွက်လာလျက်ရှိနေ၏။ နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ထုတ် ဂျာနယ်များ၊ လစဉ်ထုတ်မဂ္ဂဇင်းများနှင့် စာအုပ်စာပေပေါင်း များစွာ များစွာ ရက်စဉ်ပေါ်ထွက်လျက်ရှိ၏။

လွန်ခဲ့ပြီး ၂၀၁၀ ခုနှစ်အတွင်းထွက်ရှိသည့် ဂျာနယ်အမျိုးအစားပေါင်းသည်ပင် ၁၅၂ မျိုးအထိရှိပြီး အခြားစာအုပ်စာပေပေါင်းနှင့်ပါဆိုလျှင် အမျိုးအစား ၂၀၀ခန့်ရှိကြောင်း လေ့လာသိရှိရပါ၏။ သည်စာတွေက မြို့ပြများမှာသာ ပျံ့နှံ့နေခြင်းမဟုတ်ဘဲ ကျေးလက်ဒေသများအထိ ပြန့်ပွားနေခြင်းဖြစ်သောကြောင့် တတ်သူဖတ်ဖို့ ဖတ်စရာတွေ တစ်ပုံတစ်ပင် စုံလင်နေပါသည်။

ဖတ် နေရာ

ဖတ်ဖို့-နေရာ။

စာတတ်သူ စာဖတ်ဖို့နေရာတွေကလည်း လက်လှမ်းတမီအတွင်း အများအပြား တည်ရှိနေပါကုန်၏။ မိမိအိမ်နှင့် ဝန်းကျင်အိမ်များတွင် သတင်းစာနှင့် ဂျာနယ်များရှိနေမည်ဖြစ်၏။ ခဏတစ်ဖြုတ်ဝင်ထိုင်သည့် လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်တွေမှာပင် ဖတ်စရာတွေ ရှိနေမည်ဖြစ်၏။ ဘုရားကျောင်းကန်သို့သွားဦးတော့ မိမိကို တကယ်စာဖတ်သူ၊ စာဖတ်ဝါသနာပါသူဟု ဆရာဘုန်းကြီးက သိနေလျှင် ဆရာဘုန်းကြီးကိုယ်တိုင်ကပင် ''ရော့- ဒီစာအုပ်ကောင်းတယ် ဖတ်ဦး''ဟု ဖတ်စရာအသင့် ထုတ်ပေးမည်သာဖြစ်၏။

ယင်းအပြင် စာကြည့်တိုက်တွေကလည်း အသင့်ဖိတ်ခေါ်နေသည်သာဖြစ်၏။ ယနေ့ကာလဝယ် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ဦးဆောင်လျက် အစိုးရနှင့် ပြည်သူများ ပူးပေါင်းရလဒ်အဖြစ် မြို့ပြရပ်ကွက်များ၌သာမက ကျေးလက်များအထိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ပေါ်ထွန်းတည်ရှိလာနေရာ တစ်နိုင်ငံလုံးအတိုင်းအတာအရ ကျေးရွာပေါင်း ခြောက်သောင်းကျော်အနက် ကျေးရွာပေါင်း ၅၅၇၅၅ ရွာ၌ စာကြည့်တိုက်များ ဖြစ်ထွန်းလာနေပါပြီ။ စာတတ်သူ စာဖတ်ဖို့ နေရာကောင်းများ ဖြစ်ပါကုန်၏။

ဖတ်နေရာတွေ တည်ဖို့ တိုးဖို့

စာတတ်သူ ဖတ်ဖို့နေရာများဖြစ်သည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ အပါအဝင် ရပ်ကွက်စာကြည့်တိုက်များ၊ ကျောင်းစာကြည့်တိုက်များ၊ စာပေဝါသနာရှင်တွေ ပေါင်းစည်းထူထောင်ထားသည့် စာကြည့်တိုက်များ၊ ဝါသနာနှင့် စေတနာသာမက နေ့ဉစ္စာပါ ရင်းနှီးတည်ထောင်ထားသည့် ကိုယ်ပိုင်စာကြည့်တိုက်များ စသည်ဖြင့် စာကြည့်တိုက်များတည်ရှိလာရေး၊ တိုးပွားလာရေး၊ စာကြည့်တိုက်များ၌ မီဒီယာပစ္စည်းများ ပြည့်စုံလာရေးတို့အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်နေကြသော ကောင်းသတင်းများကို မကြာခဏ သတင်းစာများ၌ ဖတ်ရှုသိရှိနေရခြင်းကလည်း ဖတ်အားတွေတိုးစေဖို့ ဖြစ်ပါ၏။

ဂျာနယ်တိုက်ပိုင်ရှင်များ၊ စာတည်းမှူးများ၊ စာရေးဆရာများ၊ စာပေစေတနာရှင်များက သာကေတမြို့နယ်အတွင်းရှိ ရပ်ကွက်စာကြည့်တိုက်များနှင့် ကျောင်းစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များလှူဒါန်းပွဲကို ၁၆-၁-၂၀၁၁ရက်နေ့၌ ကျင်းပခဲ့ကြရာ အလှူတန်ဖိုးမှာ ငွေကျပ် ၁၈၇ သိန်း ကိုးသောင်းရှစ်ထောင်ငါးရာကိုးဆယ်ဖြစ်၏။ ၁၇-၁-၂၀၁၁ ရက်နေ့၌လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာနသို့ စာအုပ်စာစောင်များ၊ မီဒီယာပစ္စည်းများ လှူဒါန်းရာ စုစုပေါင်းအလှူတန်ဖိုးမှာ ငွေကျပ် ၄၄၈ သိန်း ငါးသောင်းလေးထောင် ဖြစ်၏။

မှတ်သားအပ်သော အမှာစကား

ဖော်ပြပါ ပညာဒါနအခမ်းအနားများသို့ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်ချီးမြှောက်၍ အမှာစကားပြောကြားရာတွင် အောက်ပါ ကောက်နုတ်ချက်များသည် စာပေလောကသားများအပါအဝင် ပြည်သူများ မှတ်သားရမည့် အိတ်ဆောင်စကားများဖြစ်၏-

- * **ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်ထောင်ရာဝယ် မြေ၊ အဆောက်အအုံ၊ ပရိဘောဂ၊ စာအုပ်စာစောင်များ၊ ရုပ်မြင်သံကြားဖမ်းစက်၊ ရေဒီယို စုစုပေါင်းတန်ဖိုးမှာ ၁၁ ဒသမ ၉ ဘီလီယံကျော်ရှိ။**
- * **ယင်းစာကြည့်တိုက်များ စံ(၅)ချက်နှင့်ပြည့်စုံစေရန် ပြန်ကြားရေးဝန်ကြီးဌာနနှင့်အတူ ပြည်သူများ၊ စာပေပညာရှင်များ၊ လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းကို ၁၅-၅-၂၀၁၀ တွင် ဖွဲ့စည်းတည်ထောင်ထားရှိ။**
- * **ဤဖောင်ဒေးရှင်းသည် တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်သည့်လုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်သွားမည်။**

စာတတ်သူ စာဖတ်ဖို့နေရာတွေကလည်း လက်လှမ်းတမီအတွင်း အများအပြား တည်ရှိနေပါကုန်၏။ မိမိအိမ်နှင့် ဝန်းကျင်အိမ်များတွင် သတင်းစာနှင့် ဂျာနယ်များရှိနေမည်ဖြစ်၏။ ခဏတစ်ဖြုတ်ဝင်ထိုင်သည့် လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်တွေမှာပင် ဖတ်စရာတွေ ရှိနေမည်ဖြစ်၏။ ဘုရားကျောင်းကန်သို့သွားဦးတော့ မိမိကို တကယ်စာဖတ်သူ၊ စာဖတ်ဝါသနာပါသူဟု ဆရာဘုန်းကြီးက သိနေလျှင် ဆရာဘုန်းကြီးကိုယ်တိုင်ကပင် ''ရော့- ဒီစာအုပ်ကောင်းတယ် ဖတ်ဦး''ဟု ဖတ်စရာအသင့် ထုတ်ပေးမည်သာဖြစ်၏။

စာတတ်လျှင် စာဖတ်ရမည်။ ဘယ်စာကို ဖတ်ရမှာလဲ မေးဖွယ်မရှိ။ တွေ့သည့်စာကို ဖတ်ဖို့ပဲဖြစ်၏။ ဖတ်ရင်းဖတ်ရင်း စိတ်ဝင်စားဖွယ် စာတွေ တွေ့သိလာမည်။ စာထဲမှာ ရှိသော ပညာတွေ ရရှိလာမည်၊ စာထဲမှာရှိသော အလိမ္မာတွေ နှလုံးသားသို့ စီးဝင်လာမည်။ မှတ်ဖွယ်တွေ၊ ဆောင်ဖွယ်တွေ၊ ရှောင်ဖွယ်တွေနှင့်တကွ ဘဝနေနည်းတွေ ဘဝထဲ စိမ့်တည်လာမည်။ ယင်းသည်ပင် အမြတ်ဖြစ်လေတော့၏။

- * **ဖောင်ဒေးရှင်း၏ အနာဂတ်မျှော်မှန်းချက်(၃)ရပ်-**
- ၁။ **ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း အစဉ်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေး။**
- ၂။ **ပြည်သူလူထုကို အခြေခံသည့်နည်းဖြင့် ရန်ပုံငွေရှာဖွေမည်ဖြစ်၍ ပြည်သူအားလုံးက လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်လာရေး။**
- ၃။ **ကျေးရွာစာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်အောင်မြင်ပြီးနောက်တွင် ကျေးလက်ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးနိုင်ရေး။**

စေတနာလမ်းပေါ် ဆက်လှမ်းပါ

ဖော်ပြပါအတိုင်း နိုင်ငံတော်အပိုင်းမှ ပြည်သူများ စာတတ်အောင်၊ စာဖတ်အောင် အခြေခံအဆောက်အအုံများ ခိုင်မာစွာပေါ်ထွန်းလာရေးအတွက် စေတနာအပြည့်ဖြင့် တည်ဆောက်ပေးထားပြီးဖြစ်ရာ စေတနာလမ်းပေါ် ဆက်၍ဆက်ကာ လျှောက်လှမ်းရန်မှာ စာဖတ်သူဝန်တာဖြစ်လာပါပြီ။ ဖတ်ပါကုန်၊ မှတ်ပါကုန်။

မှတ်

တတ်၍ဖတ်လာသောအခါ မှတ်ဉာဏ်သည် မထင်မှတ်လောက်အောင် ပွင့်လင်းလာကြောင်း ကိုယ်တွေ့သိရှိလာပါမည်၊ အဘိဓမ္မာသဘောတရားအရ သညာစေတသိက်က ပညာစေတသိက်နှင့် အတူတကွယှဉ်တွဲဖြစ်ပေါ်မှု ဖြစ်ပါသည်။ ယင်းသညာနှင့် ပညာကို သတိစေတသိက်ကပါ ယှဉ်တွဲလာသောအခါ ဝီရိယစေတသိက်က တစ်ဖတ်တည်းဖတ်၊ တစ်မှတ်တည်းမှတ်ဖို့ အမြဲတမ်း တက်ကြွစွာ ဦးဆောင်နေပါတော့သည်။

မြတ်

ယင်းသို့သော စိတ်ပိုင်းဆိုင်ရာ အသစ်ဖြစ်ထွန်းမှု၏ ရလဒ်များအဖြစ် မိမိကိုယ်မိမိ ယုံကြည်လာမှု၊ လူတောထဲဝင်ရဲလာမှု၊ အခက်အခဲတစ်ရပ်အပေါ် အဖြေကို ဖွေရှာနိုင်စွမ်းရှိလာမှု၊ စိတ်ဓာတ်၏ အကောင်းမြင်ဒဿနများတိုးပွားလာမှု၊ ဘဝကိုပြုပြင်တည်ဆောက်နိုင်စွမ်းများ မြင့်မားလာမှု၊ ဘဝတစ်ခုလုံး မဆုံးရှုံး၊ မနိမ့်ကျ၊ မသိမ်ငယ်ဘဲ မြင့်မားလာမှု၊ အနေတတ်၍ မြတ်လာမှု စသည့်အကျိုးတရားများ တိုးပွားခံစားလာကြရပါတော့သည်။

ပစ္စုပ္ပန်ဘဝ အနေတတ်၍ အမြတ်ရလာအောင် စာကပေးစွမ်းနိုင်သကဲ့သို့ အနာဂတ်သံသရာဘဝများပါ အမြဲမြတ်နေစေမည့်စာများကို ဓမ္မစာပေက ဧကန်ဧကဆောင်နှင်း ပေးအပ်နိုင်သောကြောင့် ဓမ္မစာပေများအထိပါ တက်လှမ်းဖတ်မှတ်ရင်း မြတ်သောအနာဂတ်ကို တင်ကြိုပိုင်စိုးနေကြရပါမည်။

တတ် ဖတ် မှတ် မြတ်

စာတတ်လျှင် စာဖတ်ရမည်။ ဘယ်စာကိုဖတ်ရမှာလဲ မေးဖွယ်မရှိ။ တွေ့သည့်စာကို ဖတ်ဖို့ပဲဖြစ်၏။ ဖတ်ရင်း ဖတ်ရင်း စိတ်ဝင်စားဖွယ်စာတွေ တွေ့သိလာမည်။ စာထဲမှာရှိသော ပညာတွေ ရရှိလာမည်၊ စာထဲမှာရှိသော အလိမ္မာတွေ နှလုံးသားသို့ စီးဝင်လာမည်။ မှတ်ဖွယ်တွေ၊ ဆောင်ဖွယ်တွေ၊ ရှောင်ဖွယ်တွေနှင့်တကွ ဘဝနေနည်းတွေ ဘဝထဲ စိမ့်တည်လာမည်။ ယင်းသည်ပင် အမြတ်ဖြစ်လေတော့၏။

ဘဝမြတ်ဖို့ စာဖတ်စို့။ ။

ဝါးသီးမြစ်ရေတင်လုပ်ငန်းနှင့် ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်း တိုင်းမှူး ပိုလ်မှူးချုပ်စိုးထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်းသည် ဖေဖော်ဝါရီ ၂၃ ရက်က အုတ်တွင်းမြို့နယ် ဝါးသီးကျေးရွာ ဝါးသီးလျှပ်စစ်မြစ်ရေတင် လုပ်ငန်း၌ စစ်တောင်းမြစ်မှ မြစ်ရေတင်လုပ်ငန်း ပင်မမြောင်းအတွင်း ရေသွင်းနေမှု၊ ပင်မမြောင်းအတွင်း ရေစီးရေလာကောင်းမွန်မှုနှင့် မြောင်းဘေးဝဲ/ယာ အောင်မြင်ဖြစ်ထွန်းနေသော နွေစပါးစိုက်ခင်းနှင့် မတ်ပဲစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ဆက်လက်၍ အုတ်တွင်းမြို့နယ် သံဘိုကျေးရွာရှိ တောင်သူတစ်ဦး၏ လယ်မြေအတွင်း နွေစပါးစိုက်ပျိုးထားရှိမှုနှင့် မြေဩဇာကြဲပက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထိုမှတစ်ဆင့် အုတ်တွင်းမြို့နယ် ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်း၌ ရေလွှဲဆည်ကြံ့ခိုင်ကောင်းမွန်မှုကိုလည်းကောင်း၊ ခပေါင်းရေလှောင်တမံဘက်စုံ စီမံကိန်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကိုလည်းကောင်း ကြည့်ရှုစစ်ဆေး သည်။

ကြည့်ရှုစစ်ဆေး

တိုင်းမှူးသည် ဖေဖော်ဝါရီ ၂၄ ရက်က တောင်ငူတပ်နယ် နှစ်ဆောင်ပြိုင် ကျေးရွာ နယ်မြေခံတပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တပ်တွင်း မှုကြိုကျောင်းကို ကြည့်ရှုစစ်ဆေး၍ ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်း(နတ်စင်ကုန်း)သို့ရောက်ရှိပြီး ကွန်ပျူတာခန်း (Language Lab) နှင့် ကျောင်းသား ကျောင်းသူများ စာမေးပွဲ ဖြေဆိုနေမှုကိုလည်းကောင်း၊ ကျောင်းစာကြည့်တိုက်နှင့် ကျောင်းအဆောက် အအုံများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ငါးသိုင်းချောင်းမြို့နယ် အောင်ဇေယျလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၇ရက်က မြို့နယ်တာဝန်ခံဦးရဲထွန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အားကစားကွင်း၊ အားကစားရုံတည်ဆောက်နေမှုများ ဝန်ကြီး သူရဦးအေးမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး သူရဦးအေးမြင့်သည် ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ လူငယ်အားကစားလေ့ကျင့်ရေးစခန်း၌ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်က တာဝန်ယူတည်ဆောက်နေသည့် လက်ဝှေ့အားကစားလေ့ကျင့်ရေးရုံ တည်ဆောက် ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး (အပေါ်ပုံ) **နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများရယူနိုင်ရေးအတွက် ပြင်ဆင်လေ့ကျင့်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်လက်ဝှေ့အားကစားသမားများ ကျူးဘားနည်းပြဆရာဖြင့် လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။**

ထို့နောက် ပိုက်ကျော်ခြင်း အားကစားရုံ၌ မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားသမားများ လေ့ကျင့်နေရာသို့ ရောက်ရှိ၍ ၂၀၁၀ ခုနှစ် ကွမ်ကျိုးအာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခုရယူကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့်နည်းတူ နိုင်ငံတကာပြိုင်ပွဲများ၌ အောင်မြင်မှုများ ဆက်လက်ရယူပြီး နိုင်ငံ့ဂုဏ်ဆောင် နိုင်ရေးအတွက် စည်းလုံးညီညွတ်မှုဖြင့် အချင်းချင်းရိုင်းပင်းဖေးမကူညီ လက်တွဲ လေ့ကျင့်ကြိုးစားသွားကြရန် မှာကြားပြီး လေ့ကျင့်မှုကို ကြည့်ရှုအားပေး သည်။

တည်ဆောက်

ဆက်လက်၍ တာမွေမြို့နယ် ကျိုက္ကသံအားကစားကွင်းရှိ ဘော့စ်ဘော အားကစားကွင်း ပွဲကြည့်စင် တည်ဆောက်ရေးလုပ်ငန်းခွင်ကိုလည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူကွင်း၌ ရွှေသံလွင်ထရေးဒင်းကုမ္ပဏီလီမိတက် ဆောက်လုပ်ရေးလုပ်ငန်းစုက တာဝန်ယူ တည်ဆောက်လျက်ရှိသည့် ရိုးရာလက်ဝှေ့အားကစားပြိုင်ပွဲရုံတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ သိမ်ဖြူရိုးရာ လက်ဝှေ့အားကစားပြိုင်ပွဲရုံ၌ လေအေးပေးစနစ်၊ အဆင့်မြင့်အသံစနစ် နှင့် ရုပ်မြင်သံကြား မြင်ကွင်းကျယ် LED Score Board စနစ်တို့ တပ်ဆင်ထားရှိပြီး နိုင်ငံတကာအဆင့်မီ အားကစားပြိုင်ပွဲရုံတစ်ရုံအဖြစ် တည် ဆောက်လျက်ရှိကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

အလင်းရောင်စာကြည့်တိုက်အဆောက်အအုံ ဝမ်ပိန်းကျေးရွာ၌ ဖွင့်

နမ့်စန် ဖေဖော်ဝါရီ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် ဝမ်ပိန်းကျေးရွာ အုပ်စု ဝမ်ပိန်းကျေးရွာတွင် အလင်း ရောင်စာကြည့်တိုက် အဆောက်အအုံ သစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက် က အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပ ရာ ရပ်မိရပ်ဖ ဦးစံကျော်နှင့် ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ဥမ္မာအောင်တို့က ဖဲကြိုး ဖြတ် ဖွင့်လှစ်ပေးကြသည်။ (ယာပုံ)

ထို့နောက် စာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဥမ္မာအောင် က သုတ ရသစာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ဦးစံကျော်နှင့်ဦးထွန်း အောင်တို့က လက်ခံယူခဲ့ကြောင်း သိရှိ ရသည်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

ထမင်းဆိုင်မှ အညော်နံ့ ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

ရန်ကင်းမြို့နယ် (၁၃)ရပ်ကွက် မိုးကောင်းလမ်း မိုးကောင်းရိပ်သာ တိုက်(၄)ရှိ ထမင်းဆိုင်တစ်ဆိုင်သည် ကားပါကင်၏နောက်တွင် တိုက်ဆောက်စဉ်က ပါလာသည့်ဂိုဒေါင်ကို မီးဖိုဆောင်အဖြစ် အသုံးပြုကာ ထမင်းဟင်းများကို စီးပွားဖြစ်ချက်ပြုတ်နေရာ ဘေးပတ်ဝန်းကျင်ရှိ အိမ်ခန်းများမှာ မီးခိုးမှိုင်းနှင့် အညော်နံ့များကို နေ့စဉ်ခံစားနေရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

မီးခိုးမှိုင်းနှင့် အညော်နံ့မခံနိုင်သူများ

စက္ကူဖြတ်စက်မှ ဆူညံသံနားမခံနိုင်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက် ၁၀၁လမ်း(အထက်) အမှတ် ၁၀၅ရှိ လူနေတိုက်တစ်ခန်းတွင် ပိတ်ရက်မရှိ စက္ကူဖြတ်စက်လုပ်ငန်းလုပ်ကိုင်လျက်ရှိရာ ဖြတ်စက်၏ တုန်ခါမှုနှင့် ထုရိုက်သံများကြောင့် တိုက်ခန်းပတ်ဝန်းကျင်နေထိုင်သူများ နားမခံနိုင်အောင် ဖြစ်ရပါ၍ ၎င်းစက္ကူဖြတ်စက်လုပ်ငန်းကို သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ပတ်ဝန်းကျင်နေပြည်သူများ

ပျံကျဈေးသည်များကြောင့် လမ်းပိတ်ဆို့

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ဈေးရပ်ကွက်ရှိ သဇင်လမ်းတွင် ပျံကျဈေးသည်များ ဈေးမရောင်းရန် သတ်မှတ်ထားသော်လည်း စည်းကမ်းမဲ့စွာ ဝင်ရောက်ရောင်းချနေပါ၍ လမ်းပိတ်ဆို့မှုများ ဖြစ်ပွားလျက်ရှိရာ အဆိုပါ ဈေးသည်များအား ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

စွန့်ပစ်အမှိုက်ပုံ ရှင်းလင်းပေးပါ

စာတည်းရှင်-

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်လမ်း တိုက်အမှတ် ၈၅ (အေ)နှင့် ၈၅(ဘီ)အကြားတွင် တိုက်ခန်းများမှ စွန့်ပစ်ထားသည့် အမှိုက်ပုံနှင့် လမ်းကြားရှိ မိလ္လာကန်မှ အနံ့အသက်ဆိုးများကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များမှာ ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

ရပ်ကွက်အတွင်းမှ သံဂဟေလုပ်ငန်း ဖယ်ရှားပေးစေလို

စာတည်းရှင်-

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် နယ်မြေ(၁၀) ကန်သာယာရပ် ဗိုလ်ချုပ်လမ်းဘေးရှိ လူနေအိမ်များကြားတွင် ဖွင့်လှစ်ထားသည့် သံဂဟေလုပ်ငန်းမှ ထွက်ရှိလာသော ညှော်နံ့များနှင့် မီးခိုးငွေ့များကြောင့် ပတ်ဝန်းကျင်တွင်နေထိုင်သူများ ကျန်းမာရေးနှင့်မီးဘေးအန္တရာယ် စိုးရိမ်နေရပါသဖြင့် ၎င်းလုပ်ငန်းကို သက်ဆိုင်ရာမှ ဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးနှင့်မီးဘေးစိုးရိမ်သူ

ကားလမ်းဘေးရေနုတ်မြောင်း ရှင်းလင်းဖယ်ရှားပြီး

၂၅-၁၀-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မှော်ဘီမြို့နယ် အောင်သပြေကျေးရွာ ကားလမ်းဘေး ရေနုတ်မြောင်းရှင်းလင်းပေးပါ**ကိစ္စနှင့် ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တူးဖော်ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်)**

စပါးခြွေလှေ့စက်လုပ်ငန်း ဖယ်ရှားရှင်းလင်းပြီး

၂၅-၂-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မတ္တရာမြို့ လမ်းပေါ်တွင် ကျူးကျော်ဆောင်ရွက်နေသော စပါးခြွေလှေ့စက်လုပ်ငန်း အလုပ်ရုံကို ဖယ်ရှားပေးရန်** ကိစ္စနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်)**

မျဉ်းကျားပေါ်ရပ်နားယာဉ်များ ကြပ်မတ်ပြီးဖြစ်

၂၂-၂-၂၀၁၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေး စာပါ **လှည်းတန်း အင်းစိန်လမ်းမပေါ်ရှိ စံရိပ်ငြိမ် ၆ လမ်းထိပ်တွင် မျဉ်းကျားပေါ် ရပ်နားယာဉ်များ ကြပ်မတ်ပေးပါ** ပေးစာနှင့် ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

(ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး)

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာ ကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃ နတ်မောက်လမ်းသွယ် (၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

နိုင်ငံတကာအားကစား

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

မောင်မောင်မြင့်ဆွေ – ရေးသားသည်

ပရီမီယာလိဂ်ဖလား ရရှိရေး ချယ်လ်ဆီးကို အနိုင်ကစားမည်ဟု ဖာဂူဆန်ပြောကြား

လန်ဒန် ဖေဖော်ဝါရီ ၂၇

ယခုနှစ်ဘောလုံးရာသီအတွက် ပရီမီယာလိဂ်ဖလားဆွတ်ခူးနိုင်ရေး အဆုံးအဖြတ်ပေးမည့် ပွဲစဉ်တစ်ပွဲဖြစ်သည့် မန်ယူနှင့်ချယ်လ်ဆီးတို့ပွဲကို ချယ်လ်ဆီးကွင်း စတန်းဖို့ဒ်ဘရစ်၌ သွားရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သော်လည်း မိမိတို့သည် ချယ်လ်ဆီးအသင်းအား အခွင့်အရေးပေးမည်မဟုတ်ဟု ဖာဂူဆန် **(အောက်ဝဲပုံ)**က ထုတ်ဖော်ပြောကြားလိုက်သည်။

မန်ယူနှင့်ချယ်လ်ဆီးတို့သည် ပရီမီယာလိဂ်တန်းစီဇယား၌ မန်ယူက ချယ်လ်ဆီးနှင့် ၁၂ မှတ်ကွာဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ဒုတိယနေရာမှ အာဆင်နယ်နှင့် လေးမှတ်ကွာခြားကာ မန်ယူတို့ဖလားမျှော်လင့်ချက် ရှင်သန်လျက်ရှိသည်။

အခွင့်သာ

မန်ယူအသင်းသည် ချယ်လ်ဆီးနှင့်ပွဲတွင် အနိုင်ကစားခဲ့ပါက လာမည့် မေ ၇ ရက်၌ အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ ကစားရမည့်ပွဲကို ဖိအားကင်းကင်းဖြင့် ကစားနိုင်မည်ဖြစ်သည်။ မန်ယူသည် ၂၀၀၉ ခုနှစ်က ပရီမီယာလိဂ်ဖလားကို ၁၈ ကြိမ်မြောက် ရယူနိုင်ခဲ့ပြီး ယခုအခါ ၁၉ ကြိမ်မြောက်ရယူရန် အခွင့်သာလျက်ရှိသည်။

ပယ်ချ

ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီက မန်ယူတို့ တန်းစီဇယားထိပ်မှ ဦးဆောင်နေသော်လည်း မိမိတို့အတွက် ဖိအားတစ်ရပ်သဖွယ် မခံစားရကြောင်း၊ ပရီမီယာလိဂ်ဖလားကို မန်ယူတို့ ရယူနိုင်မှုဆိုသည်မှာ သေချာမှုမရှိကြောင်း ပြောကြားခဲ့သည့်အပေါ် ဖာဂူဆန်က ပယ်ချခဲ့သည်။

ပြောကြား

မိမိတို့သည် တန်းစီဇယားထိပ်ဆုံးမှ ဦးဆောင်နေသော်လည်း ကြိုးစားအားထုတ်မှု မလျော့ကြောင်း၊ ပရီမီယာလိဂ်ဖလားရရှိရေး မိမိတို့ကစားသမားတိုင်း ကြိုးစားနေကြကြောင်း အသက် ၆၉နှစ်အရွယ်ရှိ ဖာဂူဆန်က ပြောကြားသည်။

အင်အားဖြည့်

ယခုအခါ မန်ယူအသင်းတွင် နောက်ခံလူအချို့ ဒဏ်ရာကြောင့် ချယ်လ်ဆီးပွဲနှင့် လွဲချော်နိုင်သော်လည်း တိုက်စစ်မှူး အိုဝင်၊ တောင်ပံကစားသမား ရိုင်ယန်ဂစ်တို့ ပြန်လည်ကစားနိုင်နေပြီဖြစ်ရာ မိမိတို့အနိုင်ရမည်ဟု ယုံကြည်ကြောင်း ဖာဂူဆန်က ပြောကြားသည်။ **(အင်တာနက်)**

မန်ယူနောက်ခံလူ ဖာဒီနန် ချယ်လ်ဆီးနှင့် ပွဲ၌ ပါဝင်နိုင်ဖွယ်မရှိ

လန်ဒန် ဖေဖော်ဝါရီ ၂၇

လာမည့်သီတင်းပတ်၌ ချယ်လ်ဆီးအသင်းနှင့် ကစားမည့်ပွဲတွင် မန်ယူအသင်း၌ နောက်ခံလူ ဖာဒီနန်သည် ဒဏ်ရာကြောင့် လွဲချော်နိုင်ကြောင်း နည်းပြဖာဂူဆန်က ဖေဖော်ဝါရီ ၂၇ ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။



ဖာဒီနန်(ယာပုံ)သည် ပြီးခဲ့သည့်ဝုလ်ဖ်နှင့် ပွဲစဉ် မတိုင်မီ လေ့ကျင့်မှုပြုလုပ်စဉ်က ခြေသလုံးကြွက်သား ဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် လာမည့်သီတင်းပတ်၌ ချယ်လ်ဆီးနှင့် အကြိတ်အနယ်ရှိရမည့်ပွဲတွင် ဖာဒီနန် မပါဝင်နိုင်ခြင်းမှာ ဖာဂူဆန်အတွက် အားလျော့ဖွယ်အချက်တစ်ရပ်ပင်ဖြစ်သည်။

ထို့အတူ နောက်ခံလူ အီဗန်စ်မှာ ခြေချင်းဝတ် ဒဏ်ရာရရှိနေသော်လည်း လာမည့်ချယ်လ်ဆီးနှင့်ပွဲတွင် ပြန်လည်ကစားနိုင်ရန် ဖာဂူဆန် မျှော်လင့်လျက်ရှိသည်။ သို့သော် လီဗာပူးနှင့် ကစားရမည့်ပွဲ၌ ၎င်းတို့ နှစ်ဦးစလုံး ပြန်လည်ပါဝင်ကစားနိုင်ဖွယ်ရှိကြောင်း ဖာဂူဆန်က ပြောကြားသည်။ (အင်တာနက်)

တိုက်စစ်မှူး ဘင်ဇီမာအား ယုံကြည်ပါသည်

မက်ဒရစ် ဖေဖော်ဝါရီ ၂၇

ပြင်သစ်နိုင်ငံသား ရီးရဲမက်ဒရစ်တိုက်စစ်မှူး ဘင်ဇီမာသည် ယခုထက် ပိုမိုအစွမ်းပြရန် လိုအပ်နေဆဲဖြစ်ကြောင်း နည်းပြမော်ရင်ဟိုက တွန်းအားပေးလိုက်သည်။

လိုင်ယွန်အသင်းနှင့် ရီးရဲမက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲတွင် ဘင်ဇီမာတစ်ဂိုးသွင်းယူခဲ့သော်လည်း ယခုထက်ဂိုးသွင်းရန် လိုအပ်နေကြောင်း၊ ဘင်ဇီမာသည် ထက်မြက်သည့်ကစားသမားတစ်ဦးဖြစ်၍ ပိုမိုခြေစွမ်းပြရန် ကြိုးစားရမည်ဖြစ်ကြောင်း မော်ရင်ဟိုက ပြောကြားသည်။

စိတ်တိုင်းမကျ

အသက် ၂၃နှစ်အရွယ်ရှိ ဘင်ဇီမာ**(ဝဲပုံ)**သည် ၂၀၀၉ ခုနှစ်က လိုင်ယွန်အသင်းမှ ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး အသင်းဟောင်းနှင့် ပြန်တွေ့သည့်ပွဲ၌ တစ်ဂိုးသွင်းပြီး သရေပွဲ ဖြစ်စေခဲ့သောကြောင့် နည်းပြ မော်ရင်ဟိုက စိတ်တိုင်းမကျ ဖြစ်နေခြင်းဖြစ်သည်။ **(အင်တာနက်)**

ကစားသမားများ ဒဏ်ရာရမှု အင်တာမီလန်အသင်း၌ များပြား

ရောမ ဖေဖော်ဝါရီ ၂၇

အင်တာမီလန်အသင်းတွင် ယခုအခါ အားကစားသမား အများအပြား ဒဏ်ရာရနေသဖြင့် ပြိုင်ဘက်များကို ယှဉ်ပြိုင်ရန် အခက်ကြုံလျက်ရှိကြောင်း အင်တာမီလန် ကလပ်က ဖေဖော်ဝါရီ ၂၇ရက်၌ သတင်းထုတ်ပြန်သည်။

ဒဏ်ရာရခဲ့

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၃ရက်က ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်နှင့်ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲ၌ ကွင်းလယ်ကစားသမား ကမ်ဘီယာဆို ခြေထောက်ဒဏ်ရာရရှိခဲ့သည်။

အနားယူရမည်

အင်တာမီလန်အသင်းတွင် နောက်တန်းခံစစ်မှူး ရာနိုချီရာလည်း ဒဏ်ရာရရှိနေပြီး ညာအစွန်နောက်ခံလူ မိုင်ကွန်၊ ဝေါလ်တာဆမ်မြူရယ်၊ အိုင်ဗင်ကော်ဒိုဘာတို့လည်း ဒဏ်ရာများရရှိနေသဖြင့် သီတင်းသုံးပတ်ခန့်ကြာ အနားယူကြရမည်ဖြစ်သည်။

ခက်ခဲမည်

ထို့ကြောင့် လာမည့်ပွဲစဉ်များအတွက် အင်တာမီလန်အသင်းသည် ပြိုင်ဘက်အသင်းများကို ကျော်ဖြတ်နိုင်ရန် ခက်ခဲစွာရုန်းကန်ရမည်ဖြစ်သည်။ **(အင်တာနက်)**

အန်ဆယ်လော့တီ ရိုးမားကလပ်နှင့် ဆက်သွယ်ဟု သတင်းထွက်ပေါ်

လန်ဒန် ဖေဖော်ဝါရီ ၂၇

ပရီမီယာလိဂ်၌ ရလဒ်များ ဆိုးရွားနေသဖြင့် ဖိအားပေးမှုများနှင့် ရင်ဆိုင်နေရသော ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီသည် အသင်းပြောင်းရွှေ့ရန်အတွက် အသင်းဟောင်း ရိုးမားကလပ်နှင့် ဆက်သွယ်နေကြောင်း ဖေဖော်ဝါရီ ၂၇ရက်၌ သတင်းထွက်ပေါ်လာသည်။

အသက် ၅၁နှစ်အရွယ်ရှိ အန်ဆယ်လော့တီသည် ချယ်လ်ဆီးကလပ်၌ ၎င်း၏ အနာဂတ်နှင့် ပတ်သက်ပြီး ဆုံးဖြတ်ရမည့် အနေအထားမျိုးဖြစ်နေရာ ပြီးခဲ့သည့် သီတင်းပတ်က ရိုးမားနည်းပြအဖြစ်မှ ထွက်ခွာသွားသော ရာနီရေးနီနေရာ၌ တာဝန်ယူရန် ဆက်သွယ်ခဲ့ကြောင်း မီဒီယာများက ဖော်ပြသည်။ **(ယာပုံ)**

တာဝန်ယူ

သို့သော်လည်း အန်ဆယ်လော့တီက ချယ်လ်ဆီးကလပ်၌ မိမိဆက်လက်တာဝန်ယူနေဦးမည်ဖြစ်ကြောင်း ပြောကြားလျက်ရှိသည်။ **(အင်တာနက်)**



မောင်ချစ်ကြည် - စုစည်းသည်

ဘလက်ပူးလ်တိုက်စစ်မှူး ဟာရီဝုဒ် ဘန်လေက အငှားခေါ်ယူ

လန်ဒန် ဖေဖော်ဝါရီ ၂၇

ဘလက်ပူးလ်တိုက်စစ်မှူး မာလွန်ဟာရီဝုဒ်အား ယခုနှစ် ဘောလုံးရာသီမကုန်မီ ဘန်လေအသင်းက အရေးပေါ် ငှားရမ်းကစားရန် စာချုပ်ချုပ်ခဲ့ပြီဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

ပြောကြား

အသက် ၃၁ နှစ်အရွယ်ရှိ တိုက်စစ်မှူးဟာရီဝုဒ် **(ဝဲပုံ)**သည် ဘန်လေအသင်းတွင် ပွဲထွက်ကစားသမားအဖြစ် ကွင်းအတွင်းသို့ ရောက်ရှိလာတော့မည်ဖြစ်ကြောင်း ဘန်လေ အသင်းနည်းပြ မာ့ခ်ရိုဘင်စ်က ပြောကြားသည်။

ဟာရီဝုဒ်သည် ယခုနှစ်ဘောလုံးရာသီ၌ ဘလက်ပူးလ်အသင်းအတွက် စုစုပေါင်း ငါးဂိုးသွင်းယူ ပေးထားသူဖြစ်ပြီး အရည်အချင်းပြည့်ဝသည့် ကစားသမားတစ်ဦးလည်းဖြစ်သည်။ ဘလက်ပူးလ်အသင်း၌ ယခုနှစ်တွင် အချိန်ပြည့် ခုနစ်ပွဲကစားထားပြီး ကိုးပွဲမှာ အရန်ကစားသမားအဖြစ် ပါဝင်ကစားပေးထားသည်။

ပြောင်းရွှေ့ကစား

ဟာရီဝုဒ်သည် ဝက်စ်ဟမ်းနှင့် နယူးကာဆယ် အသင်းတို့တွင် ကစားခဲ့သူဖြစ်ပြီး ပြီးခဲ့သည့် ဩဂုတ်လက နှစ်နှစ်ခွဲစာချုပ်ဖြင့် ဘလက်ပူးလ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။ **(အင်တာနက်)**

အထူးဈေးနှုန်း
Laser Printer Toner Cartridge
06F,EP-22,92A,15A, -
12A,303 -10,500Ks
35A,312 -11,500Ks
49A,53A,13A -12,500Ks

ရွှေလီဦး
ရန်ကုန် ⇌ မန္တလေး ⇌ မူဆယ်

Waka Waka
Weekly Sports News

စာအုပ်စာပေ လှူမိတ်ဆွေ

ပင်လုံ စည်ပင်သာယာ ရေပိုက်လိုင်းသစ် လဲလှယ်

ပင်လုံ ဖေဖော်ဝါရီ ၂၇

ပင်လုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော သုခလမ်း မြို့ရေပေးရေး ပိုက်လိုင်းအသစ် လဲလှယ်တပ်ဆင်နေမှုကို ဖေဖော်ဝါရီ ၁၅ရက်က မြို့နယ်တာဝန်ခံ ဦးစီးအရာရှိ ဦးသောင်းထွန်းဇော်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈) ရပ်ကွက်၊ ဓမ္မသုခလမ်း၊ အမှတ်၆၁၀၊ မြေအကျယ်အဝန်း အလျားပေ ၄၀×အနံပေ ၆၀ ဆိုသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအိမ်နှင့်အခြားအကျိုးခံစားခွင့်အရပ်ရပ်ကို မူလအမည်ပေါက် ဦးသိန်းအောင် NTN-၀၅၁၂၈၉ထံမှ ဦးချစ်မြ ၉/ရမသ(နိုင်)၀၃၇၈၈၄ ဝယ်ယူခဲ့သော အဆိုပါမြေကွက်ကို ကျွန်မ ဒေါ်ကြည်ငွေ ၁၂/ဥကတ(နိုင်)၀၁၅၅၀၃နှင့် ဒေါ်သန္တာထွန်း ၁၂/ဥကတ(နိုင်)၁၃၈၁၉၆ တို့မှဝယ်ယူရန် ဦးချစ်မြနှင့် သားဖြစ်သူ ဦးအောင်မွေး ၉/တကန(နိုင်)၁၄၃၆၇၈ တို့အား စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားနှင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ချိန်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ပိုင်ဆိုင်မှုကိစ္စတို့ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားပါမည်။

ဒေါ်ကြည်ငွေ၊ ဒေါ်သန္တာထွန်း
အမှတ် ၃၇၊ ခုနစ်လွှာ၊ မလွှကုန်းလမ်း၊
တာမွေမြို့နယ်၊ ဖုန်း-၀၉-၅၀၅၁၆၁၂။

တောင်ပိုင်းဒေသများ ညအပူချိန်များတိုးလာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ **ညအပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဖေဖော်ဝါရီ ၂၈ ရက် ညနေအထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝ တည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

(မီးသတ်ဦးစီးဌာန)

Super Power အဆင့်မြင့်အင်ဂျင်ဝိုင် စက်ဆီ၊ ချောဆီ ရောင်းအားအမြင့်ဆုံး စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

Myanmar New Stars Industry Co., Ltd. ၏ အဌမအကြိမ်မြောက် Super Power, Speed နှင့် Super Rocket အဆင့်မြင့်အင်ဂျင်ဝိုင် စက်ဆီ၊ ချောဆီ ရောင်းအားအမြင့်ဆုံး စွမ်းဆောင်ရည် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက အမှတ်(၃၃၀) ၈၂လမ်း၊ ၂၈×၂၉လမ်းကြား ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ Myanmar New Stars Industry Co., Ltd. ၏ အထက်မြန်မာပြည် တာဝန်ခံ ဒါရိုက်တာ ဦးမောင်လှက နှုတ်ခွန်းဆက်စကားပြောကြားပြီး ၂၀၁၀ ခုနှစ် တစ်နှစ်တာကာလအတွင်း ရောင်းအားအမြင့်ဆုံး စွမ်းဆောင်ရည် ပထမဆုရ ဝေယံလင်း (စက်ဆီ၊ ချောဆီရောင်းဝယ်ရေး) ကျောက်ဆည်မြို့၊ ဒုတိယဆုရ အောင်ဘောဂ (စက်သုံးချောဆီရောင်းဝယ်ရေး) မုံရွာမြို့နှင့် တတိယဆုရ မိုးသူ (စက်ဆီ၊ ချောဆီရောင်းဝယ်ရေး) မန္တလေးမြို့တို့အား ငွေသားဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ထို့အပြင် အရောင်းကိုယ်စားလှယ် ၇၂ဦးတို့အား ဂုဏ်ပြုငွေသားဆုကိုလည်းကောင်း၊ ကျန်အရောင်းကိုယ်စားလှယ် ၆၃ဦး တို့အား ရောင်းအားအမြင့်ဆုံး စွမ်းဆောင်ရည် အလိုက် ဂုဏ်ပြုလက်ဆောင် ပစ္စည်းများကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်သွယ်မှာယူနိုင်ကြောင်း

Myanmar New Stars Industry Co., Ltd. အနေဖြင့် U.A.E နိုင်ငံမှ Super Power, Speed နှင့် Super Rocket အဆင့်မြင့်အင်ဂျင်ဝိုင် စက်ဆီ၊ ချောဆီများကို မြန်မာပြည်အတွက် တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ်ရယူပြီး တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည့်အတွက် လက်လီလက်ကား ဝယ်ယူရောင်းချလိုသူများ အနေဖြင့် အမှတ် (က-၃၉) အခန်း(၉) ဘုရင့်နောင်ဈေး အပြင်ဘက်တန်း မရမ်းကုန်းမြို့နယ်ရန်ကုန်မြို့ ဖုန်း-၀၁-၆၈၆၂၆၃ ၊ ၆၈၆၇၂၇ နှင့် ဖက်စ်-၆၈၆၃၀၆ တို့သို့လည်းကောင်း၊ အထက်မြန်မာပြည် မန္တလေးရုံးခွဲ အမှတ်(၃၃၀) ၈၂လမ်း ၊၂၈× ၂၉လမ်းကြား ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၇၂၃၄၃ နှင့် ၂၁၁၆၀ တို့သို့လည်းကောင်း၊ အထက်မြန်မာပြည် မြစ်ကြီးနားရုံးခွဲ အမှတ်(၁၃၄) ရှမ်းစုမြောက် မြစ်ကြီးနားမြို့ ဖုန်း-၀၉-၄၇၀၀၁၄၂၇၊ ၀၉-၄၇၀၃၄၆၁၇ တို့သို့လည်းကောင်း ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပခုက္ကူ-မတူပီကားလမ်း၌ယာဉ်တစ်စီးချောက်ထဲကျ နှစ်ဦးသေဆုံး၊၁၀ ဦးဒဏ်ရာများရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပခုက္ကူမြို့မှ မတူပီမြို့သို့ ထွက်ခွာလာသော မီနီဘတ်စ် မှန်လုံယာဉ်တစ်စီးသည် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၂ နာရီကျော်ခန့်တွင် ပခုက္ကူ-မတူပီကားလမ်း မိုင်တိုင်အမှတ်(၇၇/၆) ကုန်းတက်၌ ဂီယာချိန်းရာမှ ဂီယာမဝင်ဘဲ နောက်ပြန်လိမ့်ကျပြီး ပေ ၅၀ အနက်ရှိ ချောက်ထဲသို့ ထိုးကျသွားခဲ့ကြောင်း၊ ချောက်အတွင်း မော်တော်ယာဉ်ထိုးကျသွားမှုကြောင့် ယာဉ်ပေါ်ပါ ခရီးသည် ၁၈ ဦးအနက် နှစ်ဦးသေဆုံးပြီး၊ ၁၀ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း၊ ဒဏ်ရာရလူနာများအား ကျောက်ထုမြို့နယ်ခွဲဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိပြီး ယာဉ်မောင်းအောင်နိုင်စိုးအား ကျောက်ထုရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း၊ ယခုဖြစ်စဉ်တွင် ယာဉ်၏ ဂီယာချွတ်ယွင်းမှုကြောင့် မလိုလားအပ်ဘဲ လူသေဆုံး၊ ဒဏ်ရာရရှိခြင်း၊ ယာဉ်ပျက်စီးခြင်း၊ အရေးယူခံရခြင်း ဖြစ်ရသဖြင့် "ယာဉ်မထွက်မီ ယာဉ်ကြံ့ခိုင်ရေး မမေ့မလျော့ စစ်ဆေးဆောင်ရွက်ပါက အလားတူဖြစ်ရပ် ဖြစ်ပွားမည်မဟုတ်ကြောင်း"ဖြင့် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်တစ်ဦးက ဝေဖန်ပြောကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အားကစားဖောင်ပိတ်သတင်း

ကားလင်းဖလား ဘာမင်ဂမ် ဆွတ်ခူးရရှိ

ရေးသားသူ - ဝင်းကျော်

ကားလင်းဖလားဗိုလ်လုပွဲတွင် ဘာမင်ဂမ် ဗိုလ်စွဲပြီးနောက် ကစားသမားများ ပျော်ရွှင်စွာ ဆုဖလားကိုင်မြှောက် အောင်ပွဲခံနေကြစဉ်။

လန်ဒန် ဖေဖော်ဝါရီ ၂၇

ကားလင်းဖလားပြိုင်ပွဲကို ယနေ့ ည ၁၀ နာရီခွဲက ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားရာ ဘာမင်ဂမ်က အာဆင်နယ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပထမပိုင်းပွဲချိန် ၂၇ မိနစ်တွင် ဘာမင်ဂမ်မှ ဇီဂစ်က အဖွင့်ဂိုးသွင်းယူပြီး ပွဲချိန် ၃၈ မိနစ်တွင် အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီက ချေပဂိုးသွင်းယူပေးသဖြင့် ပထမပိုင်းအပြီး တစ်ဂိုးစီသရေဖြစ်ခဲ့သည်။

ထိုက်တန်စွာရယူ

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးရရှိရေး ကြိုးစားသော်လည်း ဘာမင်ဂမ်ဂိုးသမားဖော်စတာ လက်စွမ်းပြ ကာကွယ်မှုကြောင့် အာဆင်နယ်တို့ ဂိုးကံခေခဲ့သည်။ ဒုတိယပိုင်းပြီးခါနီး ၈၉ မိနစ်တွင် အာဆင်နယ်နောက်တန်းလူနှင့် ဂိုးသမားတို့ နားလည်မှုလွဲမှားရာမှ ဘာမင်ဂမ်တိုက်စစ်မှူး မာတင် ဘောလုံးရရှိပြီး ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ဘာမင်ဂမ်တို့ ကားလင်းဖလားကို ထိုက်တန်စွာ ရယူနိုင်ခဲ့သည်။

(အင်တာနက်)

ရှုံးကြီးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ

တန့်ယန်းမြို့၌ ကျင်းပ

တန့်ယန်း ဖေဖော်ဝါရီ ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးခဲ့သော ရှုံးကြီးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက အဆိုပါ လမ်းသစ်မုခ်ဦး၌ ကျင်းပသည်။

ကျေးဇူးတင်စကားပြောကြား

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်စိုးက လမ်းသစ်နှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖ ဦးစိုင်းလှရွှေက ကျေးဇူးတင်စကား ပြောကြားသည်။

ဖွင့်လှစ်ပေး

ယင်းနောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခိုင်ဇော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်လှိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်စိုးတို့က အဆိုပါလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

အဆိုပါ လမ်းသစ်မှာ အကျယ် ၁၂ပေနှင့် အရှည် ပေ၁၀၅၀ ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ရမည်းသင်းမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရမည်းသင်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီး ပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် M -3 Food Center Ruby Hall ၌ ကျင်းပမည် ဖြစ်သည်။

၂၀၀၉-၂၀၁၀ ပညာသင်နှစ် အခြေခံပညာအထက်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် ရမည်းသင်းမြို့နယ်သူမြို့နယ်သားများ၏ သားသမီးများစာရင်းကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်နှင့်အတူ မတ် ၁၅ ရက် နောက်ဆုံးထားပြီး အမှတ် ၉၆ ကုန်ဈေးတန်းလမ်း ပန်းဘဲတန်းမြို့နယ်သို့ ပေးပို့ကြရန်ဖြစ်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

မြို့နယ်သတင်း ထွေထွေလာ

လမင်းအိမ်စာကြည့်တိုက် မိုးညှင်း၌ ဖွင့်

မော်လူး ဖေဖော်ဝါရီ ၂၆

မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု မြိုင်သာယာကျေးရွာတွင် ဇန်နဝါရီ ၂ ရက် နံနက်က လမင်းအိမ် စာကြည့်တိုက်ဖွင့်ပွဲကို ကျင်းပသည်။

အဆိုပါ စာကြည့်တိုက်ကို မိုးညှင်းမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်၊ မြိုင်သာယာကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဇော်လွင်တို့က ဖွင့်လှစ်ပေးကြပြီး ခရိုင်ဥက္ကဋ္ဌ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးတို့က အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးတို့က လမင်းအိမ်စာကြည့်တိုက်အတွက် စာအုပ်စာစောင်များနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြပြီး **(အပေါ်ပုံ)** ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖတ်ကြား

(၆၄) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုနေ့သဝဏ်လွှာကို တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလူ ဖတ်ကြားစဉ်။ (ဝ၂၁)

နှမ်းစပါးနှင့် မိုးကြိုဝါ စီမံကိန်းတာဝန်ပေးအပ်

ပျော်ဘွယ် ဖေဖော်ဝါရီ ၂၆

ပျော်ဘွယ်မြို့၏ ၂၀၁၀-၂၀၁၁ နှမ်းစပါးနှင့် ၂၀၁၁-၂၀၁၂ မိုးကြိုဝါ စီမံကိန်းတာဝန်ပေးအပ်ပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးမှာကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်အောင်ဆန်းက နှမ်းစပါးနှင့် ဝါသီးနှံများ စိုက်ပျိုးရာတွင် လျာထားဧကပြည့်မီအောင် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များကိုသာ စိုက်ပျိုးရေးတို့ကို ဆွေးနွေးမှာကြားပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးမျိုးမင်းက နှမ်းစပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ လည်းကောင်း၊ မြို့နယ်ဝါမန်နေဂျာ ဦးနေမျိုးက ဝါစိုက်ပျိုးရေးတို့နှင့် ပတ်သက်၍ လည်းကောင်း ဆွေးနွေးမှာကြားသည်။

တာဝန်ပေးအပ်

ဆက်လက်၍ ၂၀၁၀-၂၀၁၁ နှမ်းစပါးနှင့် ၂၀၁၁-၂၀၁၂ မိုးကြိုဝါ စီမံကိန်းတာဝန်များကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်အောင်ဆန်း၊ အတွင်းရေးမှူး ဦးဝင်းအောင်တို့က ကျေးရွာအုပ်စု ဥက္ကဋ္ဌများထံ ပေးအပ်ကြသည်။ ပျော်ဘွယ်မြို့နယ်အနေဖြင့် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် နှမ်းစပါး ဧက ၁၈၀၀၊ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် မိုးကြိုဝါ ဧက ၂၆၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးမျိုးကြည်နှင့်အဖွဲ့ ဘူးသီးတောင်မြို့နယ်၌ လက်ဝဲဒက်တံတားဆောက်လုပ်နေမှုကို ဇန်နဝါရီ ၃၀ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရန်မျိုးကျော်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးမောင်မောင်အောင်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၅ရက်က ဖားကန့်မြို့ နောင်မီးကျေးလက်ရေပေးရေး ရေကန်တွင် ရေရယူသုံးစွဲနေမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဝင်းတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ကန်ကြီးထောင့်မြို့နယ် ဘဲဂရက်-ဒီးဒုတ်ကျေးလက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၇ ရက်က စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှသိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်ထွဋ်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ယမ်းခမ်း-ဝမ်လုံးကျေးလက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၀ရက်က ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းနိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

လားရှိုးမြို့နယ် မြို့မဈေးကြီးအတွင်း ဖေဖော်ဝါရီ ၁၆ ရက်က အဖွဲ့ဝင်ထမ်းများ စုပေါင်း သန့်ရှင်းရေးဆောင်ရွက်နေမှုကို ဒုတိယဦးစီးမှူး(ဈေး) ဦးအောင်ကျော်ဟိုး ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)



(၁၆)ကြိမ်မြောက် ပေါင်းတည်မြို့ ရှမ်းမလေးသီတဂူဓမ္မသဘင် အလှူတော်မင်္ဂလာအထူးတရားပွဲ

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့၊ ဈေး(၁)ရပ်ကွက်၊ ဘုရားကြီးလမ်း ရှမ်းမလေးကုန်မျိုးစုံစတိုးပိုင်ရှင် ဘုရား၊ ရဟန်း၊ ရှင်၊ သိမ်၊ ကျောင်း ဒါယကာ ဒါယိကာမ ဦးဂျန္တကီး-သုဓမ္မသီဂီ ဒေါ်သိန်းရင်မိသားစုတို့၏ သီတဂူဓမ္မသဘင်အလှူတော်မင်္ဂလာအထူးတရားပွဲကို ဘုရားကြီးလမ်း ရှမ်းမလေးကုန်မျိုးစုံစတိုးဆိုင်ရှေ့၌ ကျင်းပမည်ဖြစ်ရာ ၂-၃-၂၀၁၁ရက်(ဗုဒ္ဓဟူးနေ့)ည ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒ၊ ၃-၃-၂၀၁၁ရက်(ကြာသပတေးနေ့)ည ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ပညိဿရ၊ ၄-၃-၂၀၁၁ရက်(သောကြာနေ့)ည တောင်စွန်း ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ဝိမလ၊ ၅-၃-၂၀၁၁ရက်(စနေနေ့)ည အောင်စကြာဆရာတော် အရှင်စန္ဒသူရိယ၊ ၆-၃-၂၀၁၁ရက်(တနင်္ဂနွေနေ့)ည သီတဂူကြယ်တစ်ပွင့်ဆရာတော် အရှင်ပညာနန္ဒ၊ ၇-၃-၂၀၁၁ရက်(တနင်္လာနေ့)ည သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ(D-Litt-Ph.D)ဆရာတော်ကြီးများက ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ပါသည်။

ပဲခူးမြို့ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး (၂၅၉၃) နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် (၁၃၇၂-၁၃၇၃)(၂၀၁၁)

ပဲခူးမြို့၊ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ယခုလာမည့် (၁၃၇၂-၁၃၇၃ခုနှစ်) တန်ခူးလဆန်း ၁၀ ရက်၊ ၁၃-၄-၂၀၁၁ ရက် (ဗုဒ္ဓဟူးနေ့)မှ (တန်ခူးလပြည့်ကျော် ၄ရက်) ၂၂-၄-၂၀၁၁ရက် (သောကြာနေ့)အထိ ၁၀ရက်တိုင်တိုင် ကျင်းပပါမည်။

ပျော်ပွဲ၊ ရှင်ပွဲအတွက် မြေနေရာများကို ၆-၃-၂၀၁၁ရက် (တနင်္ဂနွေနေ့)တွင် လည်းကောင်း၊ ဈေးဆိုင်ခန်းမြေနေရာများကို ၂၇-၃-၂၀၁၁ ရက် (တနင်္ဂနွေနေ့) တွင်လည်းကောင်း၊ နံနက် ၁၀ နာရီတွင် ဂေါပကအဖွဲ့ရုံး၌ လေလံတင်ရောင်းချပါမည်။

အသေးစိတ်အချက်အလက်များသိလိုပါက ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ဂေါပကအဖွဲ့
ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး
ဖုန်း-၀၅၂-၂၁၀၆၈၊ ၀၅၂-၂၄၂၅၅။



ပဲခူးမြို့ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး (၂၅၉၃)နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ပိတ်ပွဲနှင့် (စတုတ္ထ)အကြိမ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပွဲရေစက်ချမင်္ဂလာအခမ်းအနားဖိတ်ကြားလွှာ

ပဲခူးမြို့၊ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ (၂၅၉၃)နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီး ပိတ်ပွဲအခမ်းအနားနှင့် (စတုတ္ထ) အကြိမ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပွဲတွင် လှူဒါန်းခဲ့ကြသည့် အလှူရှင်များ၏ ကုသိုလ်ကောင်းမှုအစုစုတို့အတွက် ဩဝါဒါစရိယ ဆရာတော်ကြီးများအား ပင့်ဖိတ်၍ ရေစက်သွန်းချ အမျှဝေမင်္ဂလာ အခမ်းအနားကို (၁၃၇၃ခုနှစ် တန်ခူးလပြည့်ကျော် ၅ရက်)၂၃-၄-၂၀၁၁ ရက် (စနေနေ့) နံနက် ၇ နာရီအချိန် ရွှေမော်ဓောစေတီရင်ပြင်တော်ပေါ် ကျောက်ပန်းတောင်း ဓမ္မာရုံတွင်ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဂေါပကအဖွဲ့
ရွှေမော်ဓောစေတီတော်မြတ်ကြီး
ဖုန်း-၀၅၂-၂၁၀၆၈၊ ၀၅၂-၂၄၂၅၅။



ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀(က+ခ)၊ မြေကွက်အမှတ်၄၀၊ မြေကွက်တည်နေရာအမှတ် ၁၂၊ မာလာမြိုင်(၉)လမ်း၊(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ် ဦးအောင်ခင်အမည်ပေါက် ပါမစ်မြေကွက်အား အမည်ပေါက် ဖခင်ဦးအောင်ခင်နှင့် မိခင်ဒေါ်နော်အေးကြည်တို့ ကွယ်လွန်သဖြင့် သားသမီးခုနစ်ဦးထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ချိုမာထွေး ၁၂/တမန(နိုင်)၀၅၅၃၃၇က ပါမစ်မူရင်းကျမ်းကျိန်လွှာတင်ပြ၍ ဂရန်သစ်လျှောက်ထားရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် လုပ်သက်စာအုပ်အမှတ် ကွေး ၁/၈၇သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပေးပါရန်။

ဦးဝင်းဇော် ဖုန်း-၆၀၀၄၈၅။

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏရပ်ကွက် ဂရန်ပေးရေးစီမံချက်ရှိ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/စီ᪐)၊ မြေကွက်အမှတ်(၂/၈၇)၊ ဧရိယာ ၀.၁၁၁မ၈၅၉ ဧက အမှတ်၇၇၊ ကာယ ၃လမ်းရှိ တည်နေရာမြေကွက်ကို ၃၀-၁၁-၁၉၈၉ ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးဇော်ဖြိုးသိန်း ၁၂/ကမရ(နိုင်)၀၃၆၆၂၈က ဂရန်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ။

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(စ)၊ မြေကွက်အမှတ် ၃၇၁၁/၂၊မြေကွက်တည်နေရာအမှတ်၃၇၁၁/၂၊ သုဓမ္မာလမ်း၊(စ)ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ် ဦးလှထွန်း ၁၂/ဥကမ(နိုင်) ၁၄၀၆၄၆ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးလှထွန်းကွယ်လွန်သဖြင့် ဒေါ်ခင်ကြည် ၁၂/ဥကမ(နိုင်) ၀၆၅၉၇၉က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ။

ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၂-၂၀၁၁ရက်ထုတ် စာမျက်နှာ(၁၇)ပါ အများသိရှိစေရန် ကြေညာခြင်းတွင် ဦးသန်းလှ၏ မှတ်ပုံတင်အမှတ်အား ၁၂/ဒလန(နိုင်)အစား ၁၂/အလန(နိုင်)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၂၊ မြေကွက်အမှတ် ၁၆၅/က၊ မြေကွက်တည်နေရာအမှတ် ၁၆၅/က၊ မိဂသီ၂၂လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ခင်အုန်းမြင့်၊ ဦးအေးဟန်အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်အုန်းမြင့်ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးအေးဟန် ၁၂/ဥကတ(နိုင်)၀၄၇၅၃၈က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

လျှော့ရောင်းမည်

(ပေ၈၀×ပေ၆၀)၊ ၁၅၇ကားဂိတ် ဆေးဝါးတက္ကသိုလ်ဝန်ထမ်းအိမ်ရာရှေ့၊ ဝေဘာဂီ၊ မြောက်ဥက္ကလာ၊ လေထိုး၊ ကျွတ်ဖာစက်တစ်စုံ။

ဖုန်း-၀၁-၇၀၇၀၆၆။

Scala Guitar Class

တစ်ဦးချင်း (သီးသန့်)
အဖွဲ့ပုံစံတန်းခွဲများ လစဉ်လက်ခံသင်ကြားပါသည်။
စုံစမ်းရန်- ဦးညွန့်အောင် (B.Sc-Phy/87)
အမှတ် ၁၆၀၊ ပ/ဒုထပ်-ဘယ်။
ဖုန်း-၂၉၀၆၂၀၊ စက်ရုံလမ်း၊ မင်္ဂလာဈေးမီးပွိုင့်၊ (ကမ္ဘောဇဘဏ်နှင့်ကပ်လျက်)၊ ရန်ကုန်မြို့။

ဖဲကြိုးဖြတ် ဖွင့်လှစ်

ကော့ကရိတ်မြို့နယ် ပညာရေးမှူးရုံးလမ်း ကတ္တရာလမ်းသစ်ကို ဖေဖော်ဝါရီ ၁၂ ရက်က ခရိုင်ဥက္ကဋ္ဌ ဦးတင့်ဝေသုံနှင့် အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

အလင်းသစ် စာကြည့်တိုက်ဖွင့်

မြင်းမူ ဖေဖော်ဝါရီ ၂၆

မြင်းမူမြို့နယ် တွင်းကြီးကျေးရွာ အလင်းသစ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက်က အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးဖိုလ်အောင်မောင်မောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်စိုး၊ ကျေးရွာဥက္ကဋ္ဌ ဦးကျော်မျိုးသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၅၀၀၀ တန်ဖိုးရှိ စာအုပ်စင်တစ်ခု၊ မြို့နယ် စည်ပင်အမှုဆောင်အရာရှိ ဦးသန်းဇော်က ငွေကျပ် ၃၀၀၀၀ တန်ဖိုးရှိ ဗီရိုတစ်လုံး၊ စည်ပင်အင်ဂျင်နီယာဦးအောင်နိုင်ဝင်းကထိုင်ခုံငါးလုံး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(စာတိုက်)မှ ဦးစိုးရွှင်က ငွေကျပ် ၂၀၀၀၀ တန်ဖိုးရှိ ခုံတန်းလျားတစ်လုံး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင် ၆၅ အုပ်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းကြိုင်က သတင်းစာ၊ ဂျာနယ်များကိုပေးအပ်လှူဒါန်းရာ စာကြည့်တိုက်တာဝန်ရှိသူများက လက်ခံယူသည်။

အဆိုပါအဆောက်အအုံကို ကျေးရွာပြည်သူများနှင့် စေတနာရှင်များ၏ ထည့်ဝင်လှူဒါန်းငွေဖြင့် တည်ဆောက်ခဲ့ပြီး အလျား ၂၁ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၂ ပေ၊ သွပ်မိုး၊ နံကပ်တိုက်ဖြစ်ကြောင်း သိရှိရသည်။ **(၀၇၉)**



လှပရေးဆောင်ရွက်

ပင်းတယမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဖေဖော်ဝါရီ ၃ ရက်က မြို့ဝင်ဆိုင်းဘုတ် သာယာလှပရေးဆောင်ရွက်နေမှုကိုအမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းအောင်တို့ ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မာစီမလေးရှားက ဆောက်လုပ်လှူဒါန်းသော ကျုံဒါး ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကျုံဒါး ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီခွဲတွင် တိုက်နယ်ဆေးရုံ အဆောက်အအုံမုခ်ဦးရှေ့၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဦးစိုးနိုင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Mr.Dato Mazlan Muhammad၊ မလေးရှားနိုင်ငံ မာစီမလေးရှားအလုပ်အမှုဆောင်အဖွဲ့ဝင် Mr.Norazam Ab Samah နှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ကျန်းမာရေးဦးစီးဌာနမှူးများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဝန်ကြီးဦးစိုးနိုင်၊ မလေးရှားနိုင်ငံ သံအမတ်ကြီး **H.E. Mr.Dato Mazlan Muhammad** နှင့် မလေးရှားနိုင်ငံ မာစီမလေးရှားအလုပ်အမှုဆောင်အဖွဲ့ဝင် **Mr.Norazam Ab Samah** တို့ ဒေးဒရဲမြို့နယ် ကျုံဒါး ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ ၂၇-၂-၂၀၁၁

ဟားခါးမြို့	၂ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၅ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၅ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၅ ဒီဂရီစင်တီဂရိတ်